MEKONG-LANCANG COOPERATION

Imporvement of Agriculture Trade Facilitation to Encourage Supply Chain of Myanmar's Agriculture Products in Collaboration with LMC Countries

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ ထောက်ခံချက် လျှောက်ထားခြင်းနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုက်နာရမည့် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ

(Standard Operating Procedure-SOP)

၂၀၂၄ ခုနှစ်၊ ဇွန်လ

မာတိကာ

၁။ မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ.....၅

၁.၁။ စမ်းသပ်စိုက်ပျိုးရန်အတွက် ပြည်တွင်းသို့ အပင်မျိုးသစ် တင်သွင်းခွင့် ထောက်ခံချက် လျှောက်ထားခြင်း.....၅

၁.၂။ မျိုးသစ်အသိအမှတ်ပြုလက်မှတ် ရရှိရန်ရည်ရွယ်၍ စမ်းသပ်စိုက်ပျိုးခွင့် လျှောက်ထားခြင်း.....၆

၁.၃။ အပင်မျိုးသစ်အဖြစ်အသိအမှတ်ပြုလက်မှတ်လျှောက်ထားခြင်း.....၈

၁.၄။ မျိုးစေ့လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်း ၁၀

၁.၅။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်ခွင့်လျှောက်ထားခြင်း.....၁၁

၁.၆။ မျိုးစေ့တင်သွင်း၊ တင်ပို့ထောက်ခံချက် လျှောက်ထားခြင်း.....၁၂

၂။ မာတ်မြေသြဇာလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ၁၄

၂.၁။ မာတ်မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်ထားခြင်း.....၁၅

၂.၂။ မာတ်မြေသြဇာ တင်သွင်းခွင့်/ တင်ပို့ခွင့် မှတ်ပုံတင် လျှောက်ထားခြင်း.....၁၈

၂.၃။ ပြည်ပမှမာတ်မြေသြဇာ တင်သွင်းခွင့်ထောက်ခံချက် လျှောက်ထားခြင်း.....၂၁

၂.၄။ မြေသြဇာသိုလှောင်လိုင်စင် လျှောက်ထားခြင်းနှင့် လိုင်စင် သက်တမ်းတိုးလျှောက်ထားခြင်း.....၂၂

၂.၅။ မြေသြဇာဖြန့်ဖြူးရောင်းချခွင့် လိုင်စင်လျှောက်ထားခြင်း.....၂၄

၃။ ပိုးသတ်ဆေးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ.....၂၆

၃.၁။ ပိုးသတ်ဆေးမှတ်ပုံတင်လက်မှတ်.....၂၆

၃.၂။ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့်လိုင်စင်လျှောက်ထားခြင်း.....၃၀

၃.၃။ ပိုးသတ်ဆေးပြန်လည်ထုပ်ပိုးရောင်းချခွင့် လိုင်စင်လျှောက်ထားခြင်း.....၃၃

၃.၄။ ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင်လျှောက်ထားခြင်း.....၃၆

၃.၅။ မှတ်ပုံတင်ရရှိပြီး မြန်မာနိုင်ငံတွင် အသုံးပြုရန် ပြည်ပမှတင်သွင်းမည့် ပိုးသတ်ဆေးများအားစိစစ်၍ တင်သွင်းခွင့်ထောက်ခံချက် ထုတ်ပေးခြင်း.....၃၈

၃.၆။ အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့်ထောက်ခံချက် (Import Certificate–IC) ထုတ်ပေးခြင်း.....၄၁

၃.၇။ အပင်နှင့်အပင်ထွက်ပစ္စည်းများပြည်ပသို့တင်ပို့ရာတွင် ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ် (Phytosanitary Certificate–PC) ထုတ်ပေးခြင်း..၄၃

၃.၈။ အပင်နှင့်အပင်ထွက်ပစ္စည်းများ ပြန်လည်တင်ပို့ခြင်း သို့မဟုတ် transit တွက်လျှောက်ထားခြင်း..၄၅

၃.၉။ အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်းရာတွင် ကုန်ပစ္စည်းများ ရောက်ချိန်၌ အကောက်ခွန်ဦးစီးဌာန၏ Myanmar Automated Cargo Clearance System (MACCS) စနစ်ကိုကျင့်သုံး၍ လိုက်နာဆောင်ရွက်ခြင်း...၄၈

၃.၁၀။ သီးနှံထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းမှ ပြည်တွင်းလုံခြုံစိတ်ချစွာစားသုံးနိုင်ရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးသီးနှံထွက်ကုန်များ၌ ပိုးသတ်ဆေးဓါတ်ကြွင်း၊ မှိုအဆိပ်နှင့် အဆိပ်ဓါတ်သတ္တုများကို စစ်ဆေးခြင်း......................................၅၀

၄။ ပြည်ပသို့ ကျွဲ၊ နွားများ တင်ပို့ခြင်းထောက်ခံချက်................................၅၃

၅။ ပြည်ပသို့ သိုး၊ ဆိတ် တင်ပို့ခြင်းထောက်ခံချက်....................................၅၅

၆။ ပြည်ပသို့ အေးခဲသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ အစာတင်ပို့ခြင်းထောက်ခံချက်..၅၇

၇။ ပြည်တွင်းသို့ မျိုးနှင့် စီးပွားဖြစ် ကြက်ဥ၊ ကြက်ပေါက်နှင့် ဘဲပေါက် တင်သွင်းခြင်းထောက်ခံချက်..၅၉

၈။ ပြည်တွင်းသို့ မွေးမြူရေးအစာ တင်သွင်းခြင်းထောက်ခံချက်.......................၆၁

၉။ ပြည်တွင်းသို့ မွေးမြူရေးလုပ်ငန်းသုံး ဆေးဝါးတင်သွင်းခြင်း ထောက်ခံချက်..၆၃

၁၀။ ပြည်တွင်းသို့ မွေးမြူရေးလုပ်ငန်းသုံး ဓါတ်ခွဲခန်းသုံးပစ္စည်းများ တင်သွင်းခြင်းထောက်ခံချက်..၆၅

၁၁။ ပြည်တွင်းသို့ ဘဲမွေး၊ ငန်းမွေးများ တင်သွင်းခြင်းထောက်ခံချက် (အထည်ချုပ်စက်ရုံများတွင်အသုံးပြုရန်)..၆၇

၁၂။ ပြည်တွင်းသို့ မျိုးတိရစ္ဆာန်များ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ပျား) တင်သွင်းခြင်းထောက်ခံချက်..၇၀

၁၃။ ပြည်တွင်းသို့ မျိုးတိရစ္ဆာန်များ (မျိုးရည်ခဲချောင်း၊ သန္ဓေသားလောင်း) တင်သွင်းခြင်းထောက်ခံချက်..၇၂

၁၄။ အေးခဲသားများ Transit Trade စနစ်ဖြင့် ကုန်သွယ်မှုပြုလုပ်ခြင်း ထောက်ခံချက်.....၇၄

၁၅။ ကျွဲ၊ နွားများ သားသတ်ရန်၊ မွေးမြူရန် သို့မဟုတ် ပြည်ပတင်ပို့ရန် ဝယ်ယူစုဆောင်းခြင်းထောက်ခံချက်.....၇၆

၁၆။ တိရစ္ဆာန် အစာထုတ်လုပ်သူ မှတ်ပုံတင်လက်မှတ်ထောက်ခံချက်.....၇၈

၁၇။ တိရစ္ဆာန်ဆေးဝါးထုတ်လုပ်သူ မှတ်ပုံတင်လက်မှတ်.....၇၉

၁၈။ အသားပြုပြင်ထုတ်လုပ်သူမှတ်ပုံတင်လက်မှတ်.....၈၀

၁၉။ ပျားမွေးမြူရေးလုပ်ငန်း ခွင့်ပြုလက်မှတ်အသစ်ထုတ်ပေးခြင်း.....၈၂

၂၀။ ပြည်ပသို့ပျားရည်တင်ပို့ရန် မွေးမြူရေးပျားရည်ဖြစ်ကြောင်း ထောက်ခံချက်ထုတ်ပေးခြင်း.....၈၃

၂၁။ စီးပွားဖြစ် ငါးမွေးမြူခြင်းလိုင်စင် (ငါး/ပုစွန်).....၈၆

၂၂။ ကမ်းဝေးငါးဖမ်းလိုင်စင်.....၈၈

၂၃။ ကမ်းနီးငါးဖမ်းလိုင်စင်.....၉၀

၂၄။ ကမ်းဝေးငါးသယ်လိုင်စင်.....၉၁

၂၅။ ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စက်.....၉၂

၂၆။ ရေထွက်ပစ္စည်းပြုပြင်စက်ရုံလိုင်စင်.....၉၄

နောက်ဆက်တွဲ (က).....၉၆

ရေထွက်ပစ္စည်းများ ရောင်းဝယ်စုဆောင်းခြင်းဆိုင်ရာ လိုင်စင်နှုန်းထားများ.....၉၆

၂၇။ ငါး/ပုစွန် မွေးမြူရေးအတွက် လိုအပ်သောငါးစာ၊ အစာ ကုန်ကြမ်းနှင့် ဖြည့်စွက်အစာ၊ ရေသတ္တဝါ မွေးမြူခြင်းအတွက် ဆေးဝါးတင်သွင်းခြင်း ထောက်ခံချက်.....၉၇

၂၇.၁။ ငါး/ပုစွန် သားပေါက်၊ အလှမွေးငါးနှင့် မွေးမြူရေးငါးများ တင်သွင်းခြင်းအတွက်ထောက်ခံချက်.....၁၀၀

၂၈။ ပို့ကုန်/သွင်းကုန်ဆိုင်ရာ ရေနေသတ္တဝါအရှင် ကျန်းမာရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ်.....၁၀၇

၂၉။ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း.....၁၀၉

၃၀။ ငါးသားဖောက်စီးပွားဖြစ်လုပ်ငန်း၊ အလှမွေးငါးစီးပွားဖြစ် မွေးမြူခွင့်လိုင်စင်.....၁၁၁

လယ်ယာထွက်ပစ္စည်း

၁။ မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ

၁.၁။ စမ်းသပ်စိုက်ပျိုးရန်အတွက် ပြည်တွင်းသို့ အပင်မျိုးသစ် တင်သွင်းခွင့်ထောက်ခံချက် လျှောက်ထားခြင်း

စမ်းသပ်စိုက်ပျိုးရန်အပင်မျိုးသစ်တင်သွင်းခွင့် ထောက်ခံချက် ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန
ရည်ရွယ်ချက်	မြန်မာနိုင်ငံရှိ ဒေသ၊ ရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုရှိ/မရှိ သိရှိနိုင်ရေးမျိုးသစ်ကို စမ်းသပ်စိုက်ပျိုးနိုင်ရန်
လိုအပ်သည့်စာရွက်စာတမ်း*	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၂၀၁၆)၊ (ပုံစံ ၁) အရ (၁) လျှောက်လွှာ(mairs.doa.gov.mm)တွင်ဖြည့်ရန် (၂) အဆိုပြုလွှာမိတ္တူ (ပူးတွဲတင်ပြရန်) (၃) တင်သွင်းသည့်နိုင်ငံမှ ဗီဇပြုပြင်ထားသည့်သီးနှံ ဟုတ်/ မဟုတ် ထောက်ခံချက် (ပူးတွဲတင်ပြရန်)
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registration System (MAIRS) ဖြင့် လျှောက်ထားနိုင်သည်။
ကုန်ကျစရိတ်	အခကြေးငွေမလို
ကြာမြင့်ချိန်	၂၄ နာရီ အတွင်း
လျှောက်ထားရမည့်နေရာ	mairs.doa.gov.mm
Online စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်း	mairs.doa.gov.mm
လက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး(မျိုးစေ့ဌာနခွဲ)(တွဲဖက်အတွင်းရေးမှူး၊ မျိုးစေ့ဆိုင်ရာအမျိုးသား ကော်မတီ)
ဥပဒေ/နည်းဥပဒေအမည်နှင့် အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် (၃၊ ၄၊ ၅)

*= လျှောက်ထားသူမှ mairs.doa.gov.mm တွင် Account Registration ပြုလုပ်ပြီးပါက

၁.၂။ မျိုးသစ်အသိအမှတ်ပြုလက်မှတ် ရရှိရန်ရည်ရွယ်၍ စမ်းသပ်စိုက်ပျိုးခွင့် လျှောက်ထားခြင်း

အပင်မျိုးသစ် စမ်းသပ်စိုက်ပျိုးခွင့် ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန
ရည်ရွယ်ချက်	(၁) ပြည်တွင်း၌ စိုက်ပျိုးပါက ကောင်းမွန်စွာဖြစ်ထွန်းနိုင်ခြင်း ရှိ/ မရှိ ၊ (၂) စမ်းသပ်စိုက်ပျိုးသော အပင်မျိုးသစ်သည် လက်ရှိအပင်မျိုးထက် သာလွန်ကောင်းမွန်သော အချက်များရှိ/မရှိနှင့် ထူးခြားသည့်အရည်အသွေး ရှိ/မရှိ၊ (၃) အပင်မျိုးသစ်သည် သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများကို ထိခိုက်နိုင်ခြင်း ရှိ/မရှိ တို့ကို သိရှိနိုင်စေရန်။
လိုအပ်သည့်စာရွက်စာတမ်*	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၂၀၁၆)၊ ပုံစံ၂ (က) အရ, (၁) လျှောက်လွှာ (mairs.doa.gov.mm) တွင် ဖြည့်ရန် အောက်ပါတို့ ပူးတွဲရန် (၂) မိဘအမည်မှန်ကန်ကြောင်း ထောက်ခံချက် (တစ်ဖက်နိုင်ငံမှ) (၃) မျိုး၏အရည်အချင်းလက္ခဏာများ (တစ်ဖက်နိုင်ငံမှမူရင်း) (၄) ဗီဇပြောင်းထားသော သီးနှံဟုတ်/မဟုတ် ထောက်ခံချက် (တစ်ဖက်နိုင်ငံမှ) (၅) မျိုးနှင့် ပတ်သက်သည့် ဓါတ်ပုံမှတ်တမ်းများ၊ (၆) မျိုးစေ့နမူနာ (စမ်းသပ်စိုက်ပျိုးခွင့်ပြုပါကပေးပို့ရန်)
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registration System (MAIRS) ဖြင့် လျှောက်ထားနိုင်သည်။
စမ်းသပ်စိုက်ပျိုးခ	သီးနှံအမျိုးအစား၊ စမ်းသပ်မည့်ဒေသနှင့် စမ်းသပ်မည့်အကြိမ်အရေအတွက် ပေါ်မူတည်၍ စမ်းသပ်စိုက်ပျိုးကုန်ကျစရိတ် ရှိပါသည်။

ကြာမြင့်ချိန်	ရုံးလုပ်ငန်းများအတွက် (၁) ပတ်ဖြစ်ပြီး၊ စမ်းသပ်စိုက်ပျိုးရန် ကြာမြင့်ချိန်သည် သီးနှံနှင့် မျိုးပေါ်မူတည်ပါသည်။
လျှောက်ထားရမည့် နေရာ	mairs.doa.gov.mm
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	mairs.doa.gov.mm
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး(မျိုးစေ့ဌာနခွဲ) (အတွင်းရေးမှူး၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ)
ဥပဒေ/နည်းဥပဒေအမည်နှင့် အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၊ ၇၊ ၈

*= လျှောက်ထားသူမှ mairs.doa.gov.mm တွင် Account Registration ပြုလုပ်ပြီးပါက

၁.၃။ အပင်မျိုးသစ်အဖြစ်အသိအမှတ်ပြုလက်မှတ် လျှောက်ထားခြင်း

အပင်မျိုးသစ်အသိအမှတ်ပြုလက်မှတ်ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန
ရည်ရွယ်ချက်	အပင်မျိုးသစ်ကို စီးပွားရေးအလို့ငှာ မျိုးစေ့လုပ်ငန်းလုပ်ကိုင်နိုင်စေရန်နှင့် အသိအမှတ်ပြုလက်မှတ် ရရှိသူများအား ဥပဒေအရ အကာကွယ်ပေးနိုင်ရန်
လိုအပ်သည့်စာရွက်စာတမ်း*	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၂၀၁၆)၊ ပုံစံ (၃) အရ, (၁) လျှောက်လွှာ (mairs.doa.gov.mm) တွင် ဖြည့်ရန် အောက်ပါတို့ ပူးတွဲရန် (၂) မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီသို့ သက်ဆိုင်ရာသီးနှံ (စမ်းသပ်စိုက်ပျိုးရသည့် သီးနှံများ (သို့) စမ်းသပ်စိုက်ပျိုး ကင်းလွတ်ခွင့်ပြုသည့်သီးနှံ (သို့) မိဘမျိုးလိုင်းသစ်များ) အလိုက် သတ်မှတ်ပုံစံအတိုင်း ပြုစုထားသောစာအုပ်
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registration System (MAIRS) ဖြင့် လျှောက်ထားနိုင်သည်။
မျိုးသစ်အသိအမှတ်ပြုလက်မှတ်ခ	(၁) ကျပ်သုံးသိန်းတိတိ၊ သက်တမ်း (၁၀) နှစ် (ဟင်းသီးဟင်းရွက်မျိုးများနှင့် မိဘမျိုးလိုင်းများ) (၂) ကျပ်ငါးသိန်းတိတိ၊ သက်တမ်း (၁၀) နှစ် (အခြားမျိုးများ)
ကြာမြင့်ချိန်	မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီနှင့် မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ အစည်းအဝေးများအား (၃) လတစ်ကြိမ် ကျင်းပလျှက်ရှိပါသည်။ စမ်းသပ်စိုက်ပျိုးခြင်းမှ ကင်းလွတ်ခွင့်ပြုထားသော သီးနှံများကို အနီးစပ်ဆုံး မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာ ကော်မတီအစည်းအဝေးတွင် တင်ပြနိုင်မည်ဆိုပါက ကြာမြင့်ချိန် (၃) လမှ (၄) လ အထိ ကြားမြင့်မည်ဖြစ်ပြီး စမ်းသပ်စိုက်ပျိုးရမည့် သီးနှံများအတွက် စမ်းသပ်စိုက်ပျိုး ကြာမြင့်ချိန် (ဥပမာ- စပါးသီးနှံ ဖြစ်ပါက နွေ-မိုးနှစ်ရာသီ စမ်းသပ်စိုက်ပျိုး ရမည်ဖြစ်သည့်အတွက်) (၃) လမှ (၁၀) လအထိကြာ

	မြင့် နိုင်မည်ဖြစ်ပါသည်။
လျှောက်ထားရမည့် နေရာ	mairs.doa.gov.mm
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	mairs.doa.gov.mm
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	(၁) ဒုတိယဝန်ကြီး (ဥက္ကဋ္ဌ၊ မျိုးစေ့ဆိုင်ရာ အမျိုးသားကော်မတီ) (၂) ညွှန်ကြားရေးမှူးချုပ် (အတွင်းရေးမှူး၊ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ)
ဥပဒေ/နည်းဥပဒေအမည်နှင့် အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	မျိုးစေ့ဥပဒေ ပုဒ်မ ၉၊ ၁၀၊ ၁၁

*= လျှောက်ထားသူမှ mairs.doa.gov.mm တွင် Account Registration ပြုလုပ်ပြီးပါက

၁.၄။ မျိုးစေ့လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်း

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန
ရည်ရွယ်ချက်	မျိုးစေ့လုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ စနစ်တကျ စီမံခန့်ခွဲနိုင်ရန်နှင့် လိုင်စင်ရ ရှိပြီးသူများအား ဥပဒေအရ အကာအကွယ်ပေးနိုင်ရန်
လိုအပ်သည့်စာရွက်စာတမ်း*	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၂၀၁၆)၊ ပုံစံ (၈) အရ, (၁) လျှောက်လွှာ (mairs.doa.gov.mm) တွင် ဖြည့်ရန် အောက်ပါတို့ ပူးတွဲရန် (၂) မျိုး၏ဓါတ်ပုံမှတ်တမ်းများ (၃) အပင်မျိုးမွေးမြူသူ/ အသိအမှတ်ပြု လက်မှတ်ရရှိသူ/ အဖွဲ့အစည်း၏ သဘောထားမှတ်ချက် (၄) ကုမ္ပဏီမှတ်ပုံတင်လက်မှတ်မိတ္တူ/ အသင်းအဖွဲ့ လက်မှတ်မိတ္တူ/ အိမ်ထောင်စုဇယား မိတ္တူနှင့် မှတ်ပုံတင်မိတ္တူ (၅) လိုင်စင်ဓါတ်ပုံ (၂) ပုံ (၆) မျိုးစေ့ထုတ်ပိုးမှုပုံစံ (ရှေ့၊ နောက်)
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registration System (MAIRS) ဖြင့် လျှောက်ထားနိုင်သည်။
ကုန်ကျစရိတ်	ကျပ်သုံးသိန်းတိတိ၊ သက်တမ်း (၅) နှစ်
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၄ ရက်မှ ၅ ရက်
လျှောက်ထားရမည့်နေရာ	mairs.doa.gov.mm
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	mairs.doa.gov.mm
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ် (ဥက္ကဋ္ဌ၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ)
ဥပဒေ/နည်းဥပဒေအမည်နှင့် အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	မျိုးစေ့ဥပဒေ ပုဒ်မ ၁၆ ၊ ၁၇

*= လျှောက်ထားသူမှ mairs.doa.gov.mm တွင် Account Registration ပြုလုပ်ပြီးပါက

၁.၅။ မျိုးစေ့အရည်အသွေးစစ်ဆေးခန်းဖွင့်လှစ်ခွင့်လျှောက်ထားခြင်း

မျိုးစေ့အရည်အသွေးစစ်ဆေးခန်းထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)
ရည်ရွယ်ချက်	မျိုးစေ့အဆင့်အလိုက် စံချိန်စံညွှန်းနှင့် ကိုက်ညီသော မျိုးသန့်မျိုးစေ့များ စစ်ဆေးဖြန့်ဖြူးနိုင်ရန်
လိုအပ်သည့် စာရွက်စာတမ်း*	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ(၂၀၁၆)၊ ပုံစံ(၅) အရ, (၁) လျှောက်လွှာ (mairs.doa.gov.mm) တွင် ဖြည့်ရန် အောက်ပါတို့ပူးတွဲရန် (၂) အဆောက်အဦမေါ်တ်ပုံ (အတိုင်းအတာ၊ဖွဲ့စည်းပုံ၊ စနစ်ပုံ) (၃) မျိုးစေ့အရည်အသွေးစစ်ဆေးခန်းသုံးပစ္စည်းများ (၄) မျိုးစေ့စစ်ဆေးမည့် ကျွမ်းကျင်ဝန်ထမ်းဦးရေ (ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း အထောက်အထား)
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registration System (MAIRS) ဖြင့် လျှောက်ထားနိုင်သည်။
မှတ်ပုံတင်လက်မှတ်ခ	ကျပ်သုံးသိန်းတိတိ၊ သက်တမ်း (၃)နှစ်
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၃ ရက်မှ ၄ ရက်
လျှောက်ထားရမည့်နေရာ	mairs.doa.gov.mm
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	mairs.doa.gov.mm
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဒုတိယဝန်ကြီး (ဥက္ကဋ္ဌ၊ မျိုးစေ့ဆိုင်ရာအမျိုးသား ကော်မတီ)
ဥပဒေ/နည်းဥပဒေအမည်နှင့် အညွှန်းပုဒ်မ/ အပိုဒ် နံပါတ်	မျိုးစေ့ဥပဒေ ပုဒ်မ ၁၂ ၊ ၁၃

***= လျှောက်ထားသူမှ mairs.doa.gov.mm တွင် Account Registration ပြုလုပ်ပြီးပါက**

၁.၆။ မျိုးစေ့တင်သွင်း၊ တင်ပို့ထောက်ခံချက် လျှောက်ထားခြင်း

မျိုးစေ့တင်သွင်း/တင်ပို့ထောက်ခံချက်ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန
ရည်ရွယ်ချက်	မျိုးသစ် အသိအမှတ်ပြုလက်မှတ် ရရှိပြီးသော မျိုးကောင်းမျိုးသန့်များအား ပြည်တွင်းရှိ မျိုးစေ့သုံးစွဲသူများမှ အချိန်မီအသုံးပြုနိုင်ရန်နှင့် မျိုးစေ့များထုတ်လုပ်တင်ပို့ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းတိုးစေရန်၊ နည်းပညာများရရှိစေရန်နှင့် နိုင်ငံတော်ဝင်ငွေရရှိစေရန်
လိုအပ်သည့်စာရွက်စာတမ်း	မျိုးစေ့ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၂၀၁၆)၊ ပုံစံ (၁၁) နှင့် (၁၂) အရ, (၁) လျှောက်လွှာ (mairs.doa.gov.mm)တွင်ဖြည့်ရန် (၂) အောက်ပါတို့ကို ပူးတွဲရပါမည် **ပြည်တွင်းသို့ တင်သွင်းခွင့်** (၁) အဆိုပြုလွှာမိတ္တူ (မျိုးသစ်အသိအမှတ်ပြု လက်မှတ်လျှောက်ထားရမည့်သီးနှံများ) (သို့မဟုတ်) (၂) အဆိုပြုလွှာမိတ္တူနှင့် မျိုးစေ့လုပ်ငန်းလိုင်စင်(မျိုးသစ် အသိအမှတ်ပြုလက်မှတ် လျှောက်ထားရန် ကင်းလွတ်ခွင့်ပြုထားသော သီးနှံများ) **ပြည်ပသို့ တင်ပို့ခွင့်** (၁) အဆိုပြုလွှာမိတ္တူ (ပူးတွဲရန်)
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registration System (MAIRS) ဖြင့် လျှောက်ထားနိုင်သည်။
ကုန်ကျစရိတ်	အခကြေးငွေမလို
ကြာမြင့်ချိန်	၂၄ နာရီ အတွင်း
လျှောက်ထားရမည့်နေရာ	mairs.doa.gov.mm
Online စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်း	mairs.doa.gov.mm
လက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး (အတွင်းရေးမှူး၊ မျိုးစေ့ကျွမ်းကျင်မှုဆိုင်ရာကော်မတီ)

ဥပဒေ/ နည်းဥပဒေအမည် နှင့် အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ အပိုဒ် ၃၁ ၊ ၃၂

၂။ ဓာတ်မြေသြဇာလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် မြေသြဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေးများ တင်သွင်း/ ထုတ်လုပ်ရန်အတွက် မှတ်ပုံတင်ခြင်း၊ သိုလှောင်လိုင်စင်လျှောက်ထားခြင်းနှင့် သွင်းကုန်လိုင်စင် ထောက်ခံချက် လျှောက်ထားခြင်းများကို Myanmar Agricultural Inputs Registration System (MAIRS) (website: www.mairs.doa.gov.mm) တွင် online ဖြင့် လျှောက်ထားနိုင်ပါသည်။ မြေသြဇာဆိုင်ရာလုပ်ငန်းများ မှတ်ပုံတင် ဆောင်ရွက်ခြင်းနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို Land use web portal (www.landusedivision.gov.mm) တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

ဦးစွာ မြေသြဇာမှတ်ပုံတင်လျှောက်ထားမည့်သူသည် www.mairs.doa.gov.mm တွင် Account Create ပြုလုပ်ရမည်ဖြစ်ပြီး၊ **လုပ်ငန်းစဉ်များကို ဆက်လက်လျှောက်ထားနိုင်မည် ဖြစ်ပါသည်။**

၂.၁။ ဓာတ်မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်ထားခြင်း

လိုင်စင်/ပါမစ်ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန
ရည်ရွယ်ချက်	မြေသြဇာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေသြဇာလုပ်ငန်းများ စနစ်တကျရှိစေရန်
လိုအပ်သည့်စာရွက်စာတမ်း	မြေသြဇာဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ (၁) မြေသြဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လျှောက်လွှာ (Form 1) (၂) လျှောက်ထားသူ၏ နိုင်ငံသားမှတ်ပုံတင်ကဒ် (၃) လျှောက်ထားသူ၏ (၁.၃ x ၁.၁ လက်မ) အရွယ် ကာလာဓာတ်ပုံ (၄) ကုမ္ဏီမှတ်ပုံတင်နှင့်ဒါရိုက်တာအဖွဲ့ဝင်စာရင်း (သို့မဟုတ်) အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း/ စက်မှုလုပ်ငန်း မှတ်ပုံတင်လက်မှတ် (၅) မြေသြဇာထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် ဓာတ်ပုံ မှတ်တမ်း (၆) ပြည်တွင်းကုမ္ဏီ၏ အရည်အသွေးအာမခံချက် (၇) ထုတ်ပိုးမှုပုံစံ (အိတ်ပုံစံ) နှင့် မြေသြဇာနမူနာပုံစံ (၈) တံဆိပ်မှတ်ပုံတင်လက်မှတ် (၉) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ သဘောထားမှတ်ချက်
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registration System (MAIRS), mairs.doa.gov.mm တွင် online စနစ်ဖြင့် လျှောက်ထားရမည်။ (၁) လိုအပ်သော အထောက်အထားများ စိစစ်ပြီးပါက မြေသြဇာနမူနာအား ဓာတ်ခွဲခန်းသို့ ပေးပို့၍ ကျသင့်သော ဓာတ်ခွဲစစ်ဆေးခ နှုန်းထားများကို စိုက်ပျိုးရေးဦးစီးဌာန၏ ငွေစာရင်းအမှတ် MD-013167 သို့ ပေးသွင်းရမည်။ (၂) ရွက်ဖျန်းမြေသြဇာနှင့် ဇီဝမြေသြဇာများအတွက် သီးနှံတစ်ရာသီ စမ်းသပ်ကွက် (Field Trial Test)

	ဆောင်ရွက်ရမည်။ (၃) ဒု-တိုင်းဒေသကြီး/ ပြည်နယ် ဦးဆောင်သော စစ်ဆေးရေးအဖွဲ့များက ထုတ်လုပ်ပုံနည်းစနစ်များ ကို စစ်ဆေးသည်။ (၄) မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့သည် ဓာတ်ခွဲခန်းစစ်ဆေးမှု ရလာဒ်များနှင့် ထုတ်လုပ်မှုနည်းစနစ်များကို စိစစ်ပြီး မြေဩဇာကော်မတီသို့ ထောက်ခံတင်ပြ ပါသည်။ (၅) မြေဩဇာကော်မတီမှ မြေဩဇာထုတ်လုပ်ခွင့် မှတ်ပုံတင်လက်မှတ်များကို စိစစ်၍ ထုတ်ပေးပါသည်။ (၆) စျေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနတွင် မြေဩဇာဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားရမည်။
ကုန်ကျစရိတ်	ထုတ်လုပ်မှတ်ပုံတင်ကြေး – ၆၀၀၀၀ ကျပ် (၃ နှစ် သက်တမ်း)
ကြာမြင့်ချိန်	(၁) Solidfertilizer (Local producer) အတွက် ၃၆ ရက် (၂) Foliar Fertilizer (Local producer) အတွက် ၃၆ ရက် + သီးနှံ တစ်ရာသီ (၃) မြေဩဇာဆိုင်ရာနည်းပညာအဖွဲ့ အစည်းအဝေးနှင့် မြေဩဇာကော်မတီ အစည်းအဝေးများအား (၃) လ တစ်ကြိမ် ကျင်းပလျှက်ရှိပါသည်။ (၄) မြေဩဇာအလိုက် လိုအပ်သော အချက်အလက်များ စစ်ဆေးခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် စမ်းသပ်ကွက်များ ဆောင်ရွက်ပြီးပါက အနီးစပ်ဆုံး မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့နှင့် မြေဩဇာကော်မတီသို့ တင်ပြပေးမည်ဖြစ်ပါသည်။
လျှောက်ထားရမည့်နေရာ	Myanmar Agricultural Inputs Registration System (MAIRS) mairs.doa.gov.mm

Online စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်း	Myanmar Agricultural Inputs Registration System (MAIRS) mairs.doa.gov.mm
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	အတွင်းရေးမှူး၊ မြေဩကော်မတီ
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	မြေဩဥပဒေနှင့် မြေဩဥပဒေ ပြင်ဆင်သည့် ဥပဒေ။ **ဥပဒေပုဒ်မ (၇)**

၂.၂။ ဓာတ်မြေဩ တင်သွင်းခွင့်/ တင်ပို့ခွင့် မှတ်ပုံတင်လျှောက်ထားခြင်း

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန
ရည်ရွယ်ချက်	မြေသြဇာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ မြေသြ ဇာလုပ်ငန်းများ စနစ်တကျရှိစေရန်
လိုအပ်သည့်စာရွက်စာတမ်း	မြေသြဇာဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ (၁) ပြည်ပသို့ မြေသြဇာတင်သွင်းသူ မှတ်ပုံတင်လျှောက်လွှာပုံစံ (၂)/ ပြည်တွင်းသို့ မြေသြဇာ တင်သွင်းသူ မှတ်ပုံတင်လျှောက်လွှာပုံစံ (၃) (၂) လျှောက်ထားသူ၏ နိုင်ငံသားမှတ်ပုံတင်ကဒ် (၃) လျှောက်ထားသူ၏ (၁.၃ x ၁.၁ လက်မ) အရွယ် ကာလာဓာတ်ပုံ (၄) ကုမ္ပဏီ မှတ်ပုံတင်လက်မှတ်နှင့် ဒါရိုက်တာအဖွဲ့ ဝင်စာရင်း (၅) ပို့ကုန်သွင်းကုန်လုပ်ငန်းလိုင်စင် (ပသက) (၆) ပြည်ပကုမ္ပဏီ၏ စံချိန်စံညွှန်း ပြည့်မီကြောင်း အာမခံချက် (၇) ပြည်တွင်းကုမ္ပဏီ၏ အရည်အသွေးပြည့်မီကြောင်း အာမခံချက် (၈) ထုတ်ပိုးမှုပုံစံ (အိတ်ပုံစံ) နှင့် မြေသြဇာနမူနာပုံစံ
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registration System (MAIRS), mairs.doa.gov.mmတွင် online စနစ်ဖြင့် လျှောက်ထားရမည်။ (၁) လိုအပ်သော အထောက်အထားများ စိစစ်ပြီးပါက မြေသြဇာနမူနာအား ဓာတ်ခွဲခန်းသို့ ပေးပို့၍ ကျသင့်သော ဓာတ်ခွဲစစ်ဆေးခနှုန်းထားများကို စိုက်ပျိုးရေး ဦးစီးဌာန၏ ငွေစာရင်းအမှတ် MD-013167 သို့ ပေး သွင်းရမည်။ (၂) ရွက်ဖျန်းမြေသြဇာနှင့် ဇီဝမြေသြဇာများအတွက်

	သီးနှံတစ်ရာသီ စမ်းသပ်ကွက် (Field Trial Test) ဆောင်ရွက်ရမည်။ (၃) မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့သည် ဓာတ်ခွဲခန်းစစ်ဆေးမှု ရလာဒ်များနှင့် နည်းပညာနှင့် သက်ဆိုင်သည့် အချက်အလက်များအား စိစစ်ပြီး မြေဩဇာကော်မတီသို့ ထောက်ခံတင်ပြပါသည်။ (၄) မြေဩဇာကော်မတီမှ မြေဩဇာ တင်သွင်းခွင့်/ တင်ပို့ခွင့် မှတ်ပုံတင်လက်မှတ်များကို စိစစ်၍ ထုတ်ပေးပါသည်။ (၅) ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် ဦးစီးမှူး၊ စိုက်ပျိုးရေးဦးစီးဌာနတွင် မြေဩဇာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားရမည်။
ကုန်ကျစရိတ်	၉၀၀၀၀ ကျပ် (၃ နှစ်သက်တမ်း)
ကြာမြင့်ချိန်	(၁) Solid fertilizer (importer/ exporter) အတွက် ၂၀ ရက် (၂) Foliar Fertilizer (Local producer) အတွက် ၂၀ ရက် + သီးနှံ ၁ ရာသီ (၃) မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့အစည်းအဝေးနှင့် မြေဩဇာကော်မတီ အစည်းအဝေးများအား (၃) လ တစ်ကြိမ် ကျင်းပလျှက်ရှိပါသည်။ (၄) မြေဩဇာအလိုက် လိုအပ်သော အချက်အလက်များ စစ်ဆေးခြင်း၊ ဓာတ်ခွဲစစ်ဆေးခြင်းနှင့် စမ်းသပ်ကွက်များ ဆောင်ရွက်ပြီးပါက အနီးစပ်ဆုံး မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့နှင့် မြေဩဇာကော်မတီသို့ တင်ပြပေးမည် ဖြစ်ပါသည်။
လျှောက်ထားရမည့်နေရာ	Myanmar Agricultural Inputs Registration System (MAIRS) mairs.doa.gov.mm

Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Myanmar Agricultural Inputs Registration System (MAIRS) mairs.doa.gov.mm
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	အတွင်းရေးမှူး၊ မြေသြဇာကော်မတီ
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	မြေသြဇာဥပဒေနှင့် မြေသြဇာဥပဒေ ပြင်ဆင်သည့် ဥပဒေ။ ဥပဒေပုဒ်မ (၇)

၂.၃။ ပြည်ပမှဓာတ်မြေသြဇာ တင်သွင်းခွင့်ထောက်ခံချက် လျှောက်ထားခြင်း

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန
ရည်ရွယ်ချက်	မြေသြဇာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေသြဇာလုပ်ငန်းများ စနစ်တကျရှိစေရန်
လိုအပ်သည့်စာရွက်စာတမ်း	(၁) ပြည်တွင်းသို့ မြေသြဇာတင်သွင်းရန် ထောက်ခံချက် လျှောက်လွှာ (Form 8) (၂) မြေသြဇာတင်သွင်းခွင့် မှတ်ပုံတင်လက်မှတ် (မိတ္တူ) (၃) အရောင်းအဝယ်စာချုပ်/ ကုန်အမှာစာ/ ထုတ်ပိုးမှုပုံစံ (၄) ကုမဏီမှတ်ပုံတင်လက်မှတ်မိတ္တူ
လုပ်ငန်းစဉ်အဆင့်	လိုအပ်သော စာရွက်စာတမ်းများအား စိစစ်ပြီးသည်နှင့် နေ့ချင်းပြီး ထုတ်ပေးပါသည်။ ထို့နောက် အဆိုပါ ထောက်ခံချက်အား ကုန်သွယ်ရေးဦးစီးဌာနသို့ Myanmar Trade Net 2.0 (myanmartradenet.com) နှင့် Online ချိတ်ဆက်၍ ပေးပို့ပါသည်။
ကုန်ကျစရိတ်	မရှိပါ။
ကြာမြင့်ချိန်	နေ့ချင်းပြီးဆောင်ရွက်ပေးပါသည်။
လျှောက်ထားရမည့်နေရာ	စိုက်ပျိုးရေးဦးစီးဌာန၊ မြေအသုံးချရေးဌာနခွဲ
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Myanmar Agricultural Inputs Registration System (MAIRS) mairs.doa.gov.mm တွင် မကြာမီ လျှောက်ထားနိုင်မည် ဖြစ်သည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန
ဥပဒေ/ နည်းဥပဒေ အမည်နှင့် အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	မြေသြဇာဥပဒေ၊ မြေသြဇာဥပဒေပုဒ်မ (၄၄)

၂.၄။ မြေဩဇာသိုလှောင်လိုင်စင် လျှောက်ထားခြင်းနှင့် လိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်း

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန
ရည်ရွယ်ချက်	မြေဩဇာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေဩဇာလုပ်ငန်းများ စနစ်တကျရှိစေရန်
လိုအပ်သည့်စာရွက်စာတမ်း	မြေဩဇာဥပဒေလုပ်ထုံးလုပ်နည်းများ (၁) ပုံစံ (၁၃) မြေဩဇာ သိုလှောင်လိုင်စင် လျှောက်ထားခြင်း (၂) လျှောက်ထားသူ၏ နိုင်ငံသားမှတ်ပုံတင်ကဒ် (၃) လျှောက်ထားသူ၏ (၁.၃ x ၁.၁ လက်မ) အရွယ် ကာလာဓာတ်ပုံ (၄) ကုမ္ဏီမှတ်ပုံတင်လက်မှတ်နှင့် ဒါရိုက်တာအဖွဲ့ ဝင်စာရင်း (၅) စည်ပင်သာယာကော်မတီ၏ လုပ်ငန်းလိုင်စင် မိတ္တူ (၆) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏သဘော ထားမှတ်ချက် ထောက်ခံစာ (၇) မြေဩဇာသိုလှောင်သည့် အဆောက်အဦးဓာတ်ပုံ
လုပ်ငန်းစဉ်အဆင့်	Myanmar Agricultural Inputs Registration System (MAIRS) mairs.doa.gov.mm တွင် လျှောက်ထားနိုင်သည်။ (၁) လိုအပ်သည့်အထောက်အထားများအား စစ်ဆေး ပါသည်။ (၂) ဒု-တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးခေါင်းဆောင် သည့် စစ်ဆေးရေးအဖွဲ့မှ မြေပြင်အခြေအနေ ကွင်းဆင်းစစ်ဆေးပါသည်။ (၃) စစ်ဆေးတွေ့ရှိချက်များအား မြေဩဇာဆိုင်ရာ နည်းပညာကော်မတီသို့ တင်ပြပါသည်။ (၄) နည်းပညာအဖွဲ့မှစိစစ်ပြီး ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ မြေဩဇာ သိုလှောင် လိုင်စင်လက်မှတ်များ ခွင့်ပြုပါသည်။

ကုန်ကျစရိတ်	လုပ်ငန်းငယ် (၁၆၀၀ square feet အောက်)၊ ၁ သိန်းကျပ် (၂ နှစ်သက်တမ်း) လုပ်ငန်းကြီး (၁၆၀၀ square feet အထက်)၊ ၃ သိန်းကျပ် (၂ နှစ်သက်တမ်း)
ကြာမြင့်ချိန်	၇ ရက် (၁) မြေဩဇာဆိုင်ရာနည်းပညာအဖွဲ့ အစည်းအဝေးနှင့် မြေဩဇာကော်မတီ အစည်းအဝေးများအား (၃) လ တစ်ကြိမ် ကျင်းပလျှက်ရှိပါသည်။ (၂) စစ်ဆေးရေးအဖွဲ့များမှ မြေပြင်စစ်ဆေးပြီးပါက အနီးစပ်ဆုံး မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့သို့ တင်ပြပေးမည် ဖြစ်ပါသည်။
လျှောက်ထားရမည့်နေရာ	Myanmar Agricultural Inputs Registration System (MAIRS) mairs.doa.gov.mm
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Myanmar Agricultural Inputs Registration System (MAIRS) mairs.doa.gov.mm
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	မြေဩဇဥပဒေနှင့် မြေဩဇဥပဒေပြင်ဆင်သည့် ဥပဒေ။ ဥပဒေပုဒ်မ(၁၃)

၂.၅။ မြေသြဇာဖြန့်ဖြူးရောင်းချခွင့် လိုင်စင်လျှောက်ထားခြင်း

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန
ရည်ရွယ်ချက်	မြေသြဇာဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေသြဇာလုပ်ငန်းများ စနစ်တကျရှိစေရန်
လိုအပ်သည့်စာရွက်စာတမ်း	(၁) မြေသြဇာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်လွှာ (ပုံစံ-၁၅) မြေသြဇာဥပဒေ လုပ်ထုံးလုပ်နည်းများ (၂) မြေသြဇာမှတ်ပုံတင်လက်မှတ်မိတ္တူ
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည် မြေသြဇာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်းနှင့် သက်ဆိုင်သော လိုအပ်သည့် အထောက်အထားများကို တင်ပြရမည်။ (၂) တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျင် ညွှန်ကြားရေးမှူး၊ ပြည်နယ်နှင့် တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနသည် မြေသြဇာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်ကို ထုတ်ပေးသည်။
ကုန်ကျစရိတ်	**လိုင်စင်နှုန်းထားများ** (၁) မြေသြဇာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် (ဆိုင် ၁ ဆိုင်အတွက်၊ ပထမဆုံးအကြိမ် လျှောက်ထားခြင်းအတွက်) (၂) နှစ်လျှင် ၅၀၀၀၀ ကျပ် သက်တမ်းတိုးအတွက် ကောက်ခံသည့်နှုန်း (၂) နှစ်လျှင် ၅၀၀၀၀ ကျပ် (၂) မြေသြဇာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် (ဆိုင် ၁ ဆိုင်အတွက်၊ သက်တမ်းတိုးခြင်းမရှိ၊ ဒုတိယအကြိမ် လျှောက်ထားခြင်းအတွက် (၂) နှစ်လျှင် ၈၀၀၀၀ ကျပ်
ကြာမြင့်ချိန်	အလုပ်လုပ်ရက် (၁) ရက်အတွင်း

မှတ်ချက်	(၁) အသေးစိတ်အချက်အလက်များကို မြေအသုံးချ ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနတွင် စုံစမ်းနိုင်သည်။ (၂) **ညွှန်ကြားရေးမှူး၊ ပြည်နယ်နှင့်** တိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနသည် မြေသြဇာ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင် ထုတ်ပေးသည်။ (၃) မြေသြဇာကို တစ်နှစ်အတွင်း ၅ တန်အထက်၊ ရွက်ဖျန်းမြေသြဇာ **(Liquid)** ဖြစ်ပါက ၂၀၀ လီတာနှင့်အထက်၊ **(Powder)** ဖြစ်ပါက ၄၀၀ ကီလိုဂရမ်နှင့် အထက် ဖြန့်ဖြူးရောင်းချပါက ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်လျှောက်ထားရမည်။
လျှောက်ထားရမည့်နေရာ	သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး
လက်မှတ်ရေးထိုးသည့် ရာထူး/ အဆင့်	သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	မြေသြဇာဥပဒေနှင့် မြေသြဇာဥပဒေပြင်ဆင်သည့် ဥပဒေ။ ဥပဒေပုဒ်မ(၁၄)

၃။ ပိုးသတ်ဆေးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

၃.၁။ ပိုးသတ်ဆေးမှတ်ပုံတင်လက်မှတ်

မှတ်ပုံတင်ထုတ်ပေးသည့်	စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ
ရည်ရွယ်ချက်	ပိုးသတ်ဆေး (သို့မဟုတ်) အဆိပ်ရှိပစ္စည်းများကို တရားဝင် တင်သွင်း ဖြန့်ဖြူးရောင်းချရာတွင် အရည်အသွေးပြည့်မီသော လူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ကို ဘေးအန္တရယ်နည်းပါးစေသော ပိုးသတ်ဆေးများကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်ခွင့်ပြုပြီးသော ပိုးသတ်ဆေးများသာ တောင်သူများ အသုံးပြုနိုင်စေရန်
တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(၁) မှတ်ပုံတင်လျှောက်ထားရန် လျှောက်လွှာနှင့် အတူ ပိုးသတ်ဆေးထုတ်လုပ်သူမှ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ခြင်း၊ တင်သွင်း ဖြန့်ဖြူးခြင်းတို့ကို သဘောတူကြောင်းစာ (၂) မူရင်းပိုးသတ်ဆေးထုတ်လုပ်သူ (Manufacturer) ၏ သက်ဆိုင်ရာနိုင်ငံမှ အစိုးရအသိအမှတ်ပြုလိုင်စင်၊ မှတ်ပုံတင်ထုတ်လုပ်ခွင့် အထောက်အထားများ၊ ထုတ်လုပ်သူအား ဆက်သွယ်နိုင်မည့် ပုဂ္ဂိုလ်၊ လိပ်စာ၊ Email ၊ Web page၊ (၃) အခြားနိုင်ငံများတွင် မှတ်ပုံတင်ထားသော နိုင်ငံစာရင်းနှင့် အထောက်အထား (၄) ပိုးသတ်ဆေးနှင့်ပတ်သက်သည့် ပူးတွဲတင်ပြရမည့် နည်းပညာ အချက်အလက်များစာတမ်း၊ (General Information, Properties of the Active Ingredient, Properties of the Form–ulated Product, Intended uses and methods of application, Assessment of Efficacy of Pesticide, Toxicology, Residue Data, Enviro–nmental Data, Disposal of surplus pesticide and pesticide containers, Label, GAP Table)

	(၅) အဆိုပြုတင်ပြသည့် အင်္ဂလိပ်/ မြန်မာနှစ်ဘာသာဖြင့် ပြန်ဆိုထားသည့် တံဆိပ် (အညွှန်းစာ) (၆) ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးရန် ပိုးသတ်ဆေးနမူနာ (က) Formulated product Pesticide 250 CC (or) 250 gm (ခ) Analytical Standard 2×1 gm with attachment of Certificate of Analysis (Chromatograph), if pesticide contains more than one active ingredient, Standards packed separately (OECD GLP) (ဂ) Capillary separation columns used in Gas Liquid Chromatography (GC) and High Performance Liquid Chromato–graphy (HPLC) column(s)
ပိုးသတ်ဆေးမှတ်ပုံတင်ခွင့်ပြုရန်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ	(၁) လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည့် လိုအပ်သည့် အချက်အလက်များ ပြည့်စုံမှု ရှိ/ မရှိ ကို စစ်ဆေးပါသည်။ (၂) ပြည့်စုံပါက သတ်မှတ်ထားသည့် ပိုးသတ်ဆေးမှတ်ပုံတင်ကြေး နှုန်းထားများနှင့် ပိုးသတ်ဆေးနမူနာတစ်မျိုးအတွက် ဓါတ်ခွဲစစ်ဆေးခငွေများကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်စာရင်းအမှတ် MD–013156 သို့မဟုတ် MD–010204 သို့ပေးသွင်းရပါမည်။ (Registration Fee နှင့် Analytical Fee ဓါတ်ခွဲစစ်ဆေးခ ငွေသွင်းပြီး သော်လည်း Sample နှင့် Dossier တွင် ဖေါ်ပြထားသည့် အချက်အလက်များ ပြည့်စုံမှုမရှိလျှင် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှ လုံးဝပယ်ဖျက်မည် ဖြစ်ပါသည်) (၃) မူရင်းပိုးသတ်ဆေးထုတ်လုပ်သူ (Manufacturer)

	ဆိုင်ရာ အထောက်အထားများအား ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးပါမည်။ (၄) မူရင်းပိုးသတ်ဆေးထုတ်လုပ်သူ (Manufacturer) ဆိုင်ရာအထောက်အထားများ ပြည့်စုံမှန်ကန်ပါက ပိုးသတ်ဆေးနှင့် ပတ်သက်သော နည်းပညာအချက်အလက်များကို နည်းပညာ ကော်မတီဝင်များမှ စစ်ဆေးပါသည်။ (၅) ပိုးသတ်ဆေးနှင့် ပတ်သက်သော နည်းပညာအချက်အလက်များ ပြည့်စုံမှန်ကန်ပါက အရည်အသွေး စစ်ဆေးရန် ပိုးသတ်ဆေးနမူနာကို ပိုးသတ်ဆေး ဓါတ်ခွဲခန်းသို့ ပေးပို့ရပါမည်။ (၆) ပိုးသတ်ဆေးနှင့် ပတ်သက်သော ပိုးသတ်ဆေးနမူနာများ ပြည့်စုံပါက ပိုးသတ်ဆေးနမူနာကို ပိုးသတ်ဆေး ဓါတ်ခွဲခန်းမှ အရည်အသွေးစစ်ဆေးပါသည်။ (၇) ပိုးသတ်ဆေးဓါတ်ခွဲခန်းမှ အရည်အသွေးစစ်ဆေးမှုရလဒ်နှင့် နည်းပညာအချက်အလက်များ စိစစ်ထောက်ခံချက်များနှင့်အတူ နည်းပညာကော်မတီအစည်းအဝေး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့အစည်းအဝေးများသို့ တင်ပြပါသည်။ (၉) မှတ်ပုံတင်အဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်အတည်ပြုပြီး မှတ်ပုံတင်ခွင့်ပြုသော ပိုးသတ်ဆေးများကို မှတ်ပုံတင်အမျိုးအစားအလိုက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးပါသည်။
ဝန်ဆောင်ခ	(၁) Analytical fee for pesticide registration = နမူနာ ၁ ခုချင်းစီ အတွက် ၃၀၀,၀၀၀ ကျပ် (၂) Experimental Registration (before starting of commercial operation regarding pesticide/ conducting the bio-efficacy trials)= ၂ နှစ်လျှင် ၁,၀၀၀,၀၀၀ ကျပ် (၃) Provisional Registration = ၅ နှစ်လျှင် ၂,၀၀၀,၀၀၀ ကျပ်

	ဆိုင်ရာ အထောက်အထားများအား ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးပါမည်။ (၄) မူရင်းပိုးသတ်ဆေးထုတ်လုပ်သူ (Manufacturer) ဆိုင်ရာအထောက်အထားများ ပြည့်စုံမှန်ကန်ပါက ပိုးသတ်ဆေးနှင့် ပတ်သက်သော နည်းပညာအချက်အလက်များကို နည်းပညာ ကော်မတီဝင်များမှ စစ်ဆေးပါသည်။ (၅) ပိုးသတ်ဆေးနှင့် ပတ်သက်သော နည်းပညာအချက်အလက်များ ပြည့်စုံမှန်ကန်ပါက အရည်အသွေး စစ်ဆေးရန် ပိုးသတ်ဆေးနမူနာကို ပိုးသတ်ဆေး ဓါတ်ခွဲခန်းသို့ ပေးပို့ရပါမည်။ (၆) ပိုးသတ်ဆေးနှင့် ပတ်သက်သော ပိုးသတ်ဆေးနမူနာများ ပြည့်စုံပါက ပိုးသတ်ဆေးနမူနာကို ပိုးသတ်ဆေး ဓါတ်ခွဲခန်းမှ အရည်အသွေးစစ်ဆေးပါသည်။ (၇) ပိုးသတ်ဆေးဓါတ်ခွဲခန်းမှ အရည်အသွေးစစ်ဆေးမှုရလဒ်နှင့် နည်းပညာအချက်အလက်များ စိစစ်ထောက်ခံချက်များနှင့်အတူ နည်းပညာကော်မတီအစည်းအဝေး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးများသို့ တင်ပြပါသည်။ (၈) မှတ်ပုံတင်အဖွဲ့အစည်းအဝေးမှ ဆုံးဖြတ်အတည်ပြုပြီး မှတ်ပုံတင်ခွင့်ပြုသော ပိုးသတ်ဆေးများကို မှတ်ပုံတင်အမျိုးအစားအလိုက် မှတ်ပုံတင်လက်မှတ်ထုတ်ပေးပါသည်။
ဝန်ဆောင်ခ	(၁) Analytical fee for pesticide registration = နမူနာ ၁ ခုချင်းစီ အတွက် ၃၀၀,၀၀၀ ကျပ် (၂) Experimental Registration (before starting of commercial operation regarding pesticide/ conducting the bio-efficacy trials)= ၂ နှစ်လျှင် ၁,၀၀၀,၀၀၀ ကျပ် (၃) Provisional Registration = ၅ နှစ်လျှင် ၂,၀၀၀,၀၀၀ ကျပ်

	(၄) Full Registration = ၁၀ နှစ်လျှင် ၅,၀၀၀,၀၀၀ ကျပ် (၅) Special Use Permit for Pesticide = ၁ နှစ်လျှင် ၁,၀၀၀,၀၀၀ကျပ်
ကြာမြင့်ချိန်	လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များပြည့်စုံလျှင် အလုပ်လုပ်ရက် (၈) ပတ်နှင့် လိုအပ်သည့် အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိ ပေါ်မူတည်၍ အချိန်ကြာမြင့်နိုင်မည်။ ပြည့်စုံပြီးမှ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ အစည်းအဝေးသို့တင်ပြသည်။ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ အစည်းအဝေးသည် (၃-၆) လတစ်ကြိမ် ကျင်းပပါမည်။
မှတ်ချက်	ပိုးသတ်ဆေးမှတ်ပုံတင် လျှောက်ထားခြင်း သို့မဟုတ် မှတ်ပုံတင် ပြင်ဆင်လျှောက်ထားခြင်းနှင့် စပ်လျဉ်းသော အသေးစိတ်နည်းစဉ်များကို သိရှိနိုင်ရန် လျှောက်ထားသူအနေဖြင့် ပိုးသတ်ဆေးဥပဒေ ၂၀၁၆ ကို ကိုးကားနိုင်သည်။ Registration Fee နှင့် Analytical Fee ဓါတ်ခွဲစစ်ဆေးခ ငွေသွင်းပြီးသော်လည်း Sample နှင့် Dossier တွင် ဖေါ်ပြထားသည့် အချက်အလက်များ ပြည့်စုံမှုမရှိခြင်း၊ သတ်မှတ်ထားသောနမူနာများ တင်သွင်းရန် ပျက်ကွက်ခြင်းတို့ကြောင့် တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှုမရှိလျှင် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်မှ လုံးဝပယ်ဖျက်မည် ဖြစ်ပါသည်။
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Myanmar Agricultural Inputs Registration System (MAIRS) Online စနစ်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။
အတည်ပြုလက်မှတ် ရေးထိုးသည့် ရာထူး/အဆင့်	တွဲဘက်အတွင်းရေးမှူး၊ ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့
ဥပဒေ/ နည်းဥပဒေ အမည် နှင့် အညွှန်းပုဒ်မ/ အပိုဒ် နံပါတ်	ပိုးသတ်ဆေးဥပဒေပုဒ်မ - ၁၃ ၊ ၁၄ ပိုးသတ်ဆေးဥပဒေ (၂၀၁၆)

၃.၂။ ပိုးသတ်ဆေးဖော်စပ်ရောင်းချခွင့် လိုင်စင်လျှောက်ထားခြင်း

လိုင်စင်ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ
ရည်ရွယ်ချက်	မှတ်ပုံတင်ထားပြီး ပြင်ပမှတင်သွင်းလာသည့် အဆိပ်ရှိပစ္စည်းများနှင့် ပိုးသတ်ဆေးများကို ပြည်တွင်းတွင် ဖော်စပ် ထုတ်လုပ်ရောင်းချခြင်းဖြင့် ပြည်တွင်းရှိ တောင်သူများ စျေးနှုန်းချိုသာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်စေရန်
တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(၁) ဖော်စပ်ထုတ်လုပ်မည့် ပိုးသတ်ဆေးများနှင့်ပတ်သက်သော ပညာရပ်ဆိုင်ရာ အချက်အလက်များ ဖော်ပြပါရှိမည့် ထုတ်လုပ်မှုနည်းစနစ် အကျဉ်း (စွန့်ပစ်ရေများ ရေသန့်စင်ရေးနှင့် အခြားစွန့်ပစ်ပစ္စည်းများ သန့်စင်ရေးလုပ်ငန်းများ အပါအဝင်) (၂) ပိုးသတ်ဆေးမှတ်ပုံတင် သို့မဟုတ် ပြင်ဆင်မှတ်ပုံတင်လက်မှတ်၊ (၃) ပိုးသတ်ဆေးမူပိုင်ရရှိထားသူ (သို့မဟုတ်) အဆိပ်ရှိပစ္စည်း ထုတ်လုပ်သူ၏ သဘောတူညီချက်၊ (၄) ထုတ်လုပ်မှုတွင် ပါဝင်ဆောင်ရွက်မည့် တာဝန်ရှိပုဂ္ဂိုလ်များ၏ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့်လက်မှတ်မိတ္တူ။ (၅) ဖော်စပ်မည့် ပိုးသတ်ဆေးစာရင်းနှင့် အရည်အသွေး စစ်ဆေးရန် ပိုးသတ်ဆေးနမူနာ (၆) ထုပ်ပိုးမှုအရွယ်အစားနှင့် နှစ်အလိုက် ထုတ်လုပ်မည့်ပမာဏ၊ (၇) ထည့်သွင်း/ ထုပ်ပိုးပစ္စည်း နမူနာနှင့် တံဆိပ် (အညွှန်းစာ) များ၊ (၈) အသုံးပြုမည့် ပစ္စည်းကိရိယာများ စုဆောင်းထားရှိမှု၊ (၉) လုပ်ငန်းခွင်ကျန်းမာရေးနှင့် စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ဆောင်ရွက်ထားရှိမှု၊ (၁၀) စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကို စနစ်တကျ စွန့်ပစ်ရန် ဆောင်ရွက်ထားရှိမှု၊

	(၁၁) မီးဘေးအန္တရာယ်ကာကွယ်ရန် ကိရိယာများ တပ်ဆင်ထားရှိမှု၊ (၁၂) စက်ရုံတွင်းမှ အနံ့အသက်များ ပပျောက်ရန် ဆောင်ရွက်ခြင်း လုပ်ငန်းစဉ်၊ (၁၃) ကုန်ကြမ်းပစ္စည်းများ သိုလှောင်မှုလုပ်ငန်းစဉ်၊ (၁၄) သဘာဝပတ်ဝန်းကျင် အန္တရာယ်ကင်းစေရေးအတွက် ဆောင်ရွက်ထားရှိမှု၊ (၁၅) ထုတ်လုပ်ပြီးသော ပိုးသတ်ဆေးများကို သိုလှောင်မည့် လုပ်ငန်းစဉ်နှင့် သိုလှောင်ရုံအတွက် လက်လီလက်ကား ရောင်းချခွင့်လိုင်စင်၊ (၁၆) သယ်ယူပို့ဆောင်ရေးလုပ်ငန်းစဉ်များ၊ (၁၇) လိုင်စင်လျှောက်ထားသည့် စက်ရုံအတွက် လိုအပ်မည့် (တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အလိုက် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၏ ထောက်ခံချက်များ)
လက်တွေ့လုပ်ထုံးလုပ်နည်း	(၁) လျှောက်ထားသူသည် တင်ပြရန် လိုအပ်မည့် အထောက်အထားများကို စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည် ဖြစ်ပါသည်။ (၂) ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ပိုးသတ်ဆေး နည်းပညာကော်မတီဝင်များ ပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းကာ စက်ရုံအား ကွင်းဆင်းစစ်ဆေးပါမည်။ (၃) ကွင်းဆင်းစစ်ဆေး အစီရင်ခံစာကို ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနမှ စိစစ်ပြီးပါက ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနထံ တင်ပြကာ သတ်မှတ်ထားသော လိုင်စင်ကြေး သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း သက်ဆိုင်ရာကုမ္ပဏီမှ ပေးသွင်းပြီး ပုံစံ (၄) ဖြင့် လိုင်စင်ထုတ်ပေးပါသည်။
ဝန်ဆောင်ခ	၃ နှစ်လျှင် ၁,၀၀၀,၀၀၀ ကျပ် (ဆေးတစ်မျိုးအတွက်)

ကြာမြင့်ချိန်	လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များပြည့်စုံလျှင် အလုပ်လုပ်ရက် (၂) ပတ်နှင့် လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိ ပေါ်မူတည်၍ အချိန်ကြာမြင့်နိုင်မည်။
လျှောက်ထားရမည့်နေရာ	လျှောက်လွှာအား ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၁၅)၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားရမည်။
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	မရှိသေးပါ။
ဥပဒေ/နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	ပိုးသတ်ဆေးဥပဒေပုဒ်မ – ၁၇ (က) ပိုးသတ်ဆေးဥပဒေ (၂၀၁၆)

၃.၃။ ပိုးသတ်ဆေး ပြန်လည်ထုပ်ပိုးရောင်းချခွင့် လိုင်စင်လျှောက်ထားခြင်း

လိုင်စင်ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ
ရည်ရွယ်ချက်	မှတ်ပုံတင်ထားပြီး ပြင်ပမှတင်သွင်းလာသည့် အဆိပ်ရှိ ပစ္စည်းများနှင့် ပိုးသတ်ဆေးများကို ပြည်တွင်းတွင် ပြန်လည်ထုပ်ပိုးရောင်းချခြင်းဖြင့် ပြည်တွင်းရှိ တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူ ဝယ်ယူ ရရှိနိုင်စေရန်
တင်ပြရန်လိုအပ်မည့် အထောက် အထားများ	(၁) ပြန်လည်ထုပ်ပိုးမည့် ပိုးသတ်ဆေးများစာရင်း၊ (၂) ထုပ်ပိုးမှုအရွယ်အစားနှင့် နှစ်အလိုက် ပြန်လည်ထုပ်ပိုးမည့် ပမာဏ၊ (၃) ထည့်သွင်း/ ထုပ်ပိုးပစ္စည်းနမူနာနှင့် တံဆိပ် (အညွှန်းစာ)များ၊ (၄) ပိုးသတ်ဆေးမှတ်ပုံတင်ခွင့် ရရှိထားသူနှင့် ထုတ်လုပ်သူ၏ သဘောထားတူညီချက်စာ၊ (၅) လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့် လက်မှတ်မိတ္တူနှင့် ရှေးဦးသူနာပြုနည်းများ ဖြေဆိုအောင်မြင်ကြောင်း ထောက်ခံချက်၊ (၆) ပြန်လည်ထုပ်ပိုးခြင်း လုပ်ငန်းအတွက် အသုံးပြုမည့် ပစ္စည်းကိရိယာများ စုဆောင်းထားရှိမှု၊ (၇) လုပ်ငန်းခွင်ကျန်းမာရေးနှင့် စက်ရုံဝန်ထမ်းများ၏ ကျန်းမာရေးအတွက် ဆောင်ရွက်ထားရှိမှု၊ (၈) စွန့်ပစ်ပစ္စည်းများနှင့် ရေဆိုးများကို စနစ်တကျ စွန့်ပစ်ရန် ဆောင်ရွက်ထားရှိမှု၊ (၉) မီးဘေးအန္တရာယ်နှင့် ကျန်းမာရေးအန္တရာယ်များမှ ကာကွယ်ရန်ကိရိယာများ တပ်ဆင်ထားခြင်းရှိမှု၊ (၁၀) စက်ရုံတွင်းမှ အနှံ့အသက်များ ပျောက်ရန် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ် (၁၁) ကုန်ကြမ်းပစ္စည်းများ သိုလှောင်မှုလုပ်စဉ်၊ (၁၂) သဘာဝပတ်ဝန်းကျင် အန္တရာယ်ကင်းစေရေး

	အတွက် ဆောင်ရွက်ထားရှိမှု၊ (၁၃) ထုတ်လုပ်ပြီးသော ပိုးသတ်ဆေးများကို သိုလှောင်မည့် လုပ်ငန်းစဉ်၊ သိုလှောင်ရုံအတွက် လက်လီလက်ကား ရောင်းချခွင့်လိုင်စင်၊ (၁၄) သယ်ယူပို့ဆောင်ရေး လုပ်ငန်းစဉ်များ၊ (၁၅) လိုင်စင်လျှောက်ထားသည့် စက်ရုံအတွက်လိုအပ်မည့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်အလိုက် သက်ဆိုင်ရာ၊ ဌာနဆိုင်ရာများ၏ ထောက်ခံချက်များ
လက်တွေ့ လုပ်ထုံးလုပ်နည်း	(၁) လျှောက်ထားသူသည် တင်ပြရန်လိုအပ်မည့် အထောက်အထားများကို စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (၂) ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲမှ ပိုးသတ်ဆေးနည်း ပညာကော်မတီဝင်များ ပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းကာ စက်ရုံအား ကွင်းဆင်းစစ်ဆေးပါမည်။ (၃) ကွင်းဆင်းစစ်ဆေး အစီရင်ခံစာကို ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာနမှ စိစစ်ပြီးပါက ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာနထံ တင်ပြကာ သတ်မှတ်ထားသော လိုင်စင်ကြေး သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း သက်ဆိုင်ရာကုမ္ဏီမှ ပေးသွင်းပြီးပုံစံ (၆) ဖြင့် လိုင်စင်ထုတ်ပေးပါသည်။
ဝန်ဆောင်ခ	ပြန်လည်ထုပ်ပိုးမည့် ပိုးသတ်ဆေးတစ်မျိုးအတွက် ၃ နှစ်လျှင် ၁,၀၀၀,၀၀၀ ကျပ်
ကြာမြင့်ချိန်	လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံလျင် အလုပ်လုပ်ရက် (၁) ပတ်နှင့် လိုအပ်သည့် အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိ ပေါ်မူတည်၍ အချိန်ကြာမြင့်နိုင်မည်။

လျှောက်ထားရမည့်နေရာ	လျှောက်လွှာအား ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၁၅)၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားရမည်။
အတည်ပြု လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန
Online စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်း	မရှိသေးပါ။
ဥပဒေ/ နည်းဥပဒေအမည်နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	ပိုးသတ်ဆေးဥပဒေပုဒ်မ - ၁၇(ခ) ပိုးသတ်ဆေးဥပဒေ (၂၀၁၆)

၃.၄။ ပိုးသတ်မှိုင်းတိုက်ခွင့်လိုင်စင် လျှောက်ထားခြင်း

လိုင်စင်ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ
ရည်ရွယ်ချက်	စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရာတွင် စနစ်တကျ ပိုးသတ်မှိုင်းတိုက်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်၊ အိမ်တွင်းသုံးပိုးမွှားများကို စနစ်တကျ နှိမ်နင်းခြင်းဖြင့် လူ့ကျန်းမာရေးကို ကာကွယ်ရန်
တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(၁) လိုင်စင်လျှောက်လွှာနှင့်အတူ ပိုးသတ်ခြင်းလုပ်ငန်းနှင့်သက်ဆိုင်သည့် မေးခွန်းများဖြေကြားခြင်း၊ (၂) ပိုးသတ်မှိုင်းတိုက်ရာတွင် အသုံးပြုမည့် ပစ္စည်းကိရိယာများ စုဆောင်းထားရှိမှုစာရင်း။ (၃) လုပ်ငန်းခွင် ကျန်းမာရေးစစ်ဆေးချက် မှတ်တမ်းများ၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး စီမံထားရှိမှုများ၊ မီးဘေးနှင့် အရေးပေါ် ထိခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများ၊ (၄) လုပ်ငန်းတွင် အသုံးပြုမည့် မှတ်ပုံတင်ထားသော ပိုးသတ်ဆေးများ စာရင်းနှင့် တံဆိပ် (အညွှန်းစာ) များ၊ (၅) လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂိုလ်များ၏ ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲခွင့် လက်မှတ်မိတ္တူ။ (၆) စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စွန့်ပစ်ရန် ဆောင်ရွက်ထားရှိမှု၊ (Waste Disposal Management) (၇) အသုံးပြုမည့် ပိုးသတ်ဆေးများကို သိုလှောင်မည့် လုပ်ငန်းစဉ်၊ သိုလှောင်ရုံအတွက် လက်လီလက်ကားရောင်းချခွင့်လိုင်စင်၊ (၈) ပိုးသတ်ရေးလုပ်ငန်းအား လုပ်ဆောင်ပုံ အဆင့်ဆင့်၏ စံပြလုပ်ထုံးလုပ်နည်းများ (Standard Operation Procedure) ဆောင်ရွက်ထားရှိမှုများ၊ (၉) လုပ်ငန်းနှင့် ပတ်သတ်သော ရရှိထားသင့်သည့် လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များ ဆောင်ရွက်ထားရှိမှု၊

	(၁၀) သိုလှောင်ရုံအတွင်း လုပ်ငန်းသုံးပစ္စည်းများ၏ စနစ်တကျ သိုလှောင်ထားရှိမှု၊
လက်တွေ့လုပ်ထုံးလုပ်နည်း	(၁) လျှောက်ထားသူသည် တင်ပြရန်လိုအပ်မည့် အထောက်အထားများကို စိုက်ပျိုးရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားမည်။ (၂) ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ နည်းပညာကော်မတီများပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့ပေးကာ စက်ရုံကို စစ်ဆေးပါမည်။ (၃) ကွင်းဆင်းတွေ့ရှိမှုကို ပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့ မှ စိစစ်ပြီးခွင့်ပြုပါက သတ်မှတ်ထားသော လိုင်စင်ကြေးကို သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း သက်ဆိုင်ရာကုမ္ပဏီမှ ပေးသွင်းပြီး ပိုးသတ်ဆေး ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ **ပုံစံ (၈)** ဖြင့် လိုင်စင်ထုတ်ပေးပါသည်။
ဝန်ဆောင်ခ	၃ နှစ်လျှင် ၃၀၀,၀၀၀ ကျပ်
ကြာမြင့်ချိန်	လိုအပ်သည့်အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံလျှင် အလုပ်လုပ်ရက် (၃) ပတ်နှင့် လိုအပ်သည့် အချက်၊ တင်သွင်းရမည့် အချက်အလက်များ ပြည့်စုံမှု ရှိ/မရှိ ပေါ်မူတည်၍ အချိန်ကြာမြင့်နိုင်မည်။
လျှောက်ထားရမည့်နေရာ	လျှောက်လွှာအား ညွှန်ကြားရေးမှူးချုပ် (ရုံးခန်း)၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၁၅)၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားရမည်။
အတည်ပြု လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်၊ စိုက်ပျိုးရေးဦးစီးဌာန
Online စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်း	မရှိသေးပါ။
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	ပိုးသတ်ဆေးဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်း ၂၈၊ ၂၉၊ ၃၀ ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်း (၂၀၁၉)

၃.၅။ မှတ်ပုံတင်ရရှိပြီး မြန်မာနိုင်ငံတွင် အသုံးပြုရန် ပြည်ပမှတင်သွင်းမည့် ပိုးသတ်ဆေးများအား စိစစ်၍ တင်သွင်းခွင့်ထောက်ခံချက် ထုတ်ပေးခြင်း

ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ
ရည်ရွယ်ချက်	မှတ်ပုံတင်ရရှိထားသည့် ပိုးသတ်ဆေးအား ပြည်တွင်းသို့ တင်သွင်းရာတွင် ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့မှ စိစစ်ခွင့်ပြုထားသော အချက်အလက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီး ကိုက်ညီမှုရှိသော ပိုးသတ်ဆေးများအား တင်သွင်းရန် ထောက်ခံချက် ထုတ်ပေးခြင်းဖြစ်ပါသည်။
တင်ပြရန်လိုအပ်သည့် အထောက်အထားများ	(၁) တင်သွင်းခွင့် လျှောက်လွှာပုံစံတွင် ဖြည့်စွက်၍ လိုအပ်သော အောက်ဖော်ပြပါ အချက်အလက်များအား ပူးတွဲတင်ပြရန် လိုအပ်ပါသည်။ (က) ပိုးသတ်ဆေးမှတ်ပုံတင်မိတ္တူ (ခ) ပိုးသတ်ဆေး (သို့မဟုတ်) အဆိပ်ရှိပစ္စည်းကိုင်တွယ်ထိန်းသိမ်းမည့်သူများ၏ အမည်နှင့် လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူ အသိအမှတ်ပြု ကဒ်ပြားနှင့် ထုတ်ပေးသည့်ရက်စွဲ (ဂ) မြန်မာအည္ဆန်းစာ (ဃ) ကုန်ပို့လွှာ (င) ပြန်လည်ထုတ်ပိုးမည့် အရွယ်အစားများအတွက် ပြန်လည်ထုတ်ပိုး ရောင်းချခွင့်လိုင်စင်မိတ္တူ (စ) ထုတ်လုပ်သူမှ တင်ပို့မှု/ တဆင့်တင်ပို့မှုအတွက် သဘောတူညီချက် (ဆ) လက်လီလက်ကားရောင်းချခွင့် လိုင်စင်မိတ္တူ (ဇ) ပိုးသတ်ဆေးအရည်အသွေး ဓာတ်ခွဲစစ်ဆေးခ ပေးသွင်းပြီးကြောင်း ပြေစာမူရင်း (ဈ) Technical Grade တင်သွင်းရန်အတွက် ဖော်စပ်ထုတ်လုပ်ခွင့် လိုင်စင်မိတ္တူ

	(ည) ကိုယ်စားဆောင်ရွက်လျှင် ကုမ္ပဏီ၏ ကိုယ်စားလှယ်လွှဲစာနှင့် မှတ်ပုံတင်မိတ္တူ (ဋ) တင်သွင်းသည့်ကုမ္ပဏီ၏ ကုမ္ပဏီမှတ်ပုံတင်မိတ္တူ (ဌ) ကုန်သွယ်ရေးဦးစီးဌာန၏ Exporter and Importer Registration မိတ္တူ (ဍ) ထုတ်ပိုးမှုအရွယ်အစား ၁၀၀ စီစီ/ ၀ရမ် ထက်သေးငယ်ပါက လက်ကမ်းစာစောင် ခိုင်မြဲစွာ ပူးတွဲထားခြင်း (သို့) အညွှန်းစာ ရှင်းလင်း ပြတ်သားစွာမြင်နိုင်သော ထုတ်ပိုးမှုနမူနာပုံစံ
လုပ်ငန်းစဉ်အဆင့်	(၁) တင်သွင်းသူမှ လျှောက်လွှာပုံစံတွင်ဖြည့်စွက်၍ ပူးတွဲ လျှောက်ထားတင်ပြရန် လိုအပ်သော အချက်အလက်များအား စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ စိစစ်ခြင်း။ (၂) ပိုးသတ်ဆေးအရည်အသွေး ဓာတ်ခွဲစစ်ဆေးခ အား မြန်မာ့စီးပွားရေးဘဏ်၊ စိုက်ပျိုးရေးဦးစီး ဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ စာရင်းအမှတ် MD.013156 သို့မဟုတ် MD.010204 သို့ ပေး သွင်းရန် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ် ရေးဌာနခွဲမှ ငွေသွင်းစာထုတ်ပေးခြင်း။ (၃) အရည်အသွေး ဓာတ်ခွဲစစ်ဆေးခ ပေးသွင်းပြီး ကြောင်း ငွေသွင်းပြေ စာမူရင်းအား တင်သွင်း သူမှ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေး ဌာနခွဲသို့ ပေးပို့ခြင်း။ (၄) ပိုးသတ်ဆေးတင်သွင်းခွင့် ထောက်ခံချက်အား ကုန်သွယ်ရေးဦးစီးဌာန၏ Myanmar Tradenet 2.0 Online စနစ်ဖြင့် (၅.၁.၂၀၂၁) ရက်နေ့မှ စတင်၍ ထုတ်ပေးခြင်း။
ဝန်ဆောင်ခ	ပိုးသတ်ဆေးအရည်အသွေးစစ်ဆေးခ- တင်သွင်းမည့် ပိုးသတ်ဆေးပမာဏ (၂၀) မက်ထရစ်တန်လျှင်

	(၃၀၀၀၀၀) ကျပ်နှုန်း
ကြာမြင့်ချိန်	ရုံးဖွင့်ရက်- (၃-၄)ရက်
လျှောက်ထားရမည့်နေရာ	တင်သွင်းခွင့် လျှောက်လွှာအား တွဲဖက်အတွင်းရေးမှူး၊ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ဘုရင့်နောင်လမ်းမကြီး၊ ရန်ကုန်သို့ လိပ်မူ၍ လျှောက်ထားရမည်။
အတည်ပြုလက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	တွဲဖက်အတွင်းရေးမှူး (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူး၊
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	ကုန်သွယ်ရေးဦးစီးဌာန၏ TradeNet 2.0 Online စနစ်ဖြင့် တင်သွင်းခွင့် ထောက်ခံချက် Approval အားထုတ်ပေးလျှက်ရှိပါသည်။
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	ပိုးသတ်ဆေးဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း (၃)၊ အပိုဒ် (၂၁)

၃.၆။ အပင်နှင့် အပင်ထွက်ပစ္စည်းများအတွက် တင်သွင်းခွင့်ထောက်ခံချက် (Import Certificate – IC) ထုတ်ပေးခြင်း

ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု/ နယ်စပ်သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေး စစ်ဆေးရေးစခန်းများ ၊
ရည်ရွယ်ချက်	(၁) ထိန်းချုပ်ပိုးမွှားများ ပြည်ပမှမြန်မာနိုင်ငံအတွင်းသို့ တစ်နည်းနည်းဖြင့် ရောက်ရှိမလာနိုင်ရေးအတွက် ကာကွယ်တားဆီးရန်၊ (၂) ထိန်းချုပ်ပိုးမွှားကျရောက်လာသည့်အခါ ထိရောက်စွာနှိမ်နင်းရန်၊
တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(၁) စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၏ သတ်မှတ်သည့် လျှောက်လွှာပုံစံတွင် ဖြည့်စွက်ဖော်ပြ၍ ငွေသွင်းချလံ (မူရင်း) နှင့် အတူ လျှောက်ထားရမည်။ (၂) တင်သွင်းသူကိုယ်တိုင် လျှောက်ထားခြင်း မဟုတ်ပါက ကုမ္ပဏီ Letter Head ဖြင့် ကိုယ်စားလှယ်လွှဲစာပါရှိရမည်။ (၃) စိုက်ပျိုးရန်အတွက်ဖြစ်ပါက (က) ကြံ (သကြားထွက်သီးနှံဌာနခွဲမှ ထောက်ခံချက်) (ခ) နှစ်ရှည်ပင် (နှစ်ရှည်သီးနှံဌာနခွဲမှ ထောက်ခံချက်) (ဂ) မျိုးစေ့နှင့်အပင် (မျိုးစေ့ဌာနခွဲမှထောက်ခံချက်) (ဃ) သစ်တောထွက်အပင် (သစ်တောဦးစီးဌာနမှထောက်ခံချက်) ပါရှိရမည်ဖြစ်ပါသည်။
လက်တွေ့လုပ်ထုံးလုပ်နည်း	လျှောက်လွှာပြည့်စုံမှုရှိမရှိ စစ်ဆေးပြီး မှတ်ပုံတင်စာရင်း ရေးသွင်းခြင်း၊ IC သက်တမ်း (၃) လ တွက်ချက်ခြင်း၊ IC နံပါတ် ရယူခြင်းနှင့် ကွန်ပျူတာတွင် ဒေတာ

	အချက်အလက်များ ထည့်သွင်းခြင်း၊ ပရင့်ထုတ်ခြင်း၊ တံဆိပ်တုံးနှင့် ဖောင်းကြွစာလုံးများ ရိုက်နှိပ်ခြင်း၊ တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးခြင်း။
ဝန်ဆောင်ခ	တင်သွင်းခွင့် ထောက်ခံချက် လက်မှတ်တစ်စောင် အတွက် အခကြေးငွေ ၃၀၀၀၀ ကျပ်
ကြာမြင့်ချိန်	လျှောက်လွှာစာရင်းသွင်းလက်ခံပြီးချိန်မှ (၃) ရက်
မှတ်ချက်	(ရုံးပိတ်ရက်မပါ။)
လျှောက်ထားရမည့် နေရာ	သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု/ နယ်စပ်စစ်ဆေးရေးစခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာန။
အတည်ပြုလက်မှတ်ရေးထိုး သည့်ရာထူး/အဆင့်	သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု (တာဝန်ခံ) /နယ်စပ် စစ်ဆေးရေး စခန်း (တာဝန်ခံ) များ၊ စိုက်ပျိုးရေးဦးစီးဌာန။
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Manual
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (၁၉၉၃) အပိုဒ်နံပါတ် ၄ (က) (ခ) (ဂ) ။ ၁၁။ ၁၂။ ၁၃(က) (ခ)။ ၂၅

၃.၇။ အပင်နှင့်အပင်ထွက်ပစ္စည်းများပြည်ပသို့တင်ပို့ရာတွင် ပိုးမွှားကင်ရှင်းကြောင်း သက်သေခံလက်မှတ် (Phytosanitary Certificate – PC) ထုတ်ပေးခြင်း

ထုတ်ပေးသည့်ဌာန	သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု/နယ်စပ် သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေး စစ်ဆေးရေးစခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာန။
ရည်ရွယ်ချက်	ပြည်ပသို့တင်ပို့မည့် အပင် သို့မဟုတ် အပင်ထွက်ပစ္စည်းနှင့် စပ်လျဉ်း၍ လိုအပ်ပါက ပိုးသတ်ရေး၊ ပိုးမွှားသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပိုးမွှားကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရန်။
တင်ပြရန်လိုအပ်မည့် အထောက်အထားများ	ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် လျှောက်လွှာပုံစံတွင် ဖြည့်စွက်ဖော်ပြ၍ ငွေသွင်းချလံနှင့် အတူ လျှောက်ထားရမည်။
လုပ်ငန်းစဉ်အဆင့်	(၁) ပြည်ပသို့မတင်ပို့မီ (သင်္ဘော/ လေယာဉ်/ ကားမတင်မီ) ကြိုတင် လျှောက်ထားခြင်း၊ (၂) တင်ပို့မည့်အပင်နှင့် အပင်ထွက်ပစ္စည်း၏ ကိုယ်စားပြု နမူနာနှင့် အတူ မိမိတင်ပို့မည့်နိုင်ငံ၏ တင်သွင်းရန် သတ်မှတ်ချက်/ လိုအပ်ချက်အား သိရှိပြီး ယင်းလိုအပ်ချက်နှင့်အညီ လျှောက်ထားခြင်း၊ (၃) ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့မှ ခွင့်ပြုချက်ရရှိထားသော အဆိပ်ငွေ့မှိုင်းတိုက်ခြင်း လုပ်ငန်းအဖွဲ့မှ ပိုးသတ်ပြီးကြောင်း ထောက်ခံချက်လက်မှတ် (မူရင်း) ပူးတွဲတင်ပြခြင်း၊ (၄) သစ်တောထွက် ပစ္စည်းဖြစ်ပါက သစ်တောဦးစီးဌာန၏ တရားဝင်ထောက်ခံချက်နှင့် သစ်အတိုင်းစာရင်းပါရှိခြင်း၊ (၅) တင်သွင်းမည့်နိုင်ငံ၏ လိုအပ်ချက်အရ ဓာတ်ခွဲခန်းတွင် စစ်ဆေးရမည့် (က) ပိုးမွှားများအတွက် စစ်ဆေးရန်ကြာမြင့်

	ချိန် (၂) ရက် + ပုံမှန် ကြာမြင့်ချိန် (၃) ရက် = (၅) ရက်ဖြစ်ပြီး၊ (ခ) ရောဂါများအတွက် စစ်ဆေးရန် ကြာမြင့်ချိန် (၇) ရက် + ပုံမှန် ကြာမြင့်ချိန် (၃) ရက်= (၁၀) ရက်ကြာမြင့်မည်ဖြစ်ပါသည်။
ဝန်ဆောင်ခ	ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် တစ်စောင်အတွက် အခကြေးငွေ ၃၀၀၀၀ ကျပ်
ကြာမြင့်ချိန်	လျှောက်လွှာစာရင်းသွင်းလက်ခံပြီးချိန်မှ (၃) ရက်
မှတ်ချက်	(ရုံးပိတ်ရက်မပါ။)
လျှောက်ထားရမည့်နေရာ	သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု/နယ်စပ် စစ်ဆေးရေးစခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာန။
အတည်ပြုလက်မှတ်ရေးထိုး သည့်ရာထူး/အဆင့်	သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု (တာဝန်ခံ) /နယ်စပ် စစ်ဆေးရေး စခန်း (တာဝန်ခံ) များ၊ စိုက်ပျိုးရေးဦးစီးဌာန။
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Manual
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (၁၉၉၃) အပိုဒ်နံပါတ် ၅။ ၆ (က) (ခ) (ဂ)

၃.၈။ အပင်နှင့်အပင်ထွက်ပစ္စည်းများ ပြန်လည်တင်ပို့ခြင်း သို့မဟုတ် transit တွက် လျှောက်ထားခြင်း

ထုတ်ပေးသည့်ဌာန	သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/ နယ်စပ်သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေး စစ်ဆေးရေးစခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာန။
ရည်ရွယ်ချက်	ပြည်ပသို့တင်ပို့မည့် အပင် သို့မဟုတ် အပင်ထွက်ပစ္စည်းနှင့် စပ်လျဉ်း၍ လိုအပ်ပါက ပိုးသတ်ရေး၊ ပိုးမွှားသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ပိုးမွှားကင်းရှင်းကြောင်း လက်မှတ်ထုတ်ပေးရန်။
တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(၁) ပြန်လည်တင်ပို့ခြင်း (က) တစ်ဖက်နိုင်ငံသို့တင်ပို့ခြင်းအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/ နယ်စပ်စစ်ဆေးရေးစခန်း၏ စစ်ဆေးမှုခံယူရမည်။ (ခ) မူလတင်ပို့သည့်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (မူရင်း) နှင့် တိုက်ဆိုင် စစ်ဆေးပြီးနောက် ပိုးမွှားရောဂါကင်းရှင်းမှု မရှိခြင်း (သို့မဟုတ်) ပစ္စည်းများ ပြန်လည် ထုပ်ပိုးထားခြင်း/ ပေါက်ပြဲခြင်း တွေ့ရှိပါက ပိုးသတ်ခြင်းကို ဆောင်ရွက်ရမည်။ (၂) transit (က) ကြားစခန်းတွင်ခေတ္တရပ်နားပြီး တစ်ဘက်နိုင်ငံသို့ တင်ပို့ခြင်းအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု/ နယ်စပ် စစ်ဆေးရေးစခန်း၏ စစ်ဆေးမှုခံယူရမည်။ (ခ) တစ်ဘက်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း

	သက်သေခံလက်မှတ် (မူရင်း) ပါရှိရမည်။ (ဂ) ယင်းလက်မှတ်နှင့် တိုက်ဆိုင်စစ်ဆေးပြီးနောက် ပိုးမွှားရောဂါ ကင်းရှင်းမှုမရှိခြင်း (သို့မဟုတ်) ပစ္စည်းများပြန်လည် ထုပ်ပိုးခြင်း/ ပေါက်ပြဲခြင်း တွေ့ရှိပါက ပိုးသတ်ပြီး ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်လျှောက်ထားရမည်။
လုပ်ငန်းစဉ်အဆင့်	(၁) ပြန်လည်တင်ပို့ခြင်း (က) တစ်ဖက်နိုင်ငံသို့တင်ပို့ခြင်းအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/ နယ်စပ်စစ်ဆေးရေးစခန်း၏ စစ်ဆေးမှုခံယူရမည်။ (ခ) မူလတင်ပို့သည့်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (မူရင်း) နှင့် တိုက်ဆိုင်စစ်ဆေးပြီးနောက် ပိုးမွှားရောဂါကင်းရှင်းမှု မရှိခြင်း (သို့မဟုတ်) ပစ္စည်းများ ပြန်လည်ထုပ်ပိုးထားခြင်း/ ပေါက်ပြဲခြင်း တွေ့ရှိပါက ပိုးသတ်ခြင်းကိုဆောင်ရွက်ရမည်။ (၂) transit (က) ကြားစခန်းတွင်ခေတ္တရပ်နားပြီး တစ်ဘက်နိုင်ငံသို့ တင်ပို့ခြင်းအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှု ထိန်းချုပ်ရေးဌာနစု/ နယ်စပ် စစ်ဆေးရေးစခန်း၏ စစ်ဆေးမှုခံယူရမည်။ (ခ) တစ်ဘက်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (မူရင်း) ပါရှိရမည်။ (ဂ) ယင်းလက်မှတ်နှင့် တိုက်ဆိုင်စစ်ဆေးပြီးနောက် ပိုးမွှားရောဂါ ကင်းရှင်းမှုမရှိခြင်း

	(သို့မဟုတ်) ပစ္စည်းများ ပြန်လည်ထုပ်ပိုးခြင်း /ပေါက်ပြဲခြင်းတွေ့ရှိပါက ပိုးသတ်ပြီး ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် လျှောက်ထားရမည်။
ဝန်ဆောင်ခ	ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် တစ်စောင်အတွက် အခကြေး ငွေ ၃၀၀၀၀ ကျပ်
ကြာမြင့်ချိန်	လျှောက်လွှာစာရင်းသွင်း လက်ခံပြီးချိန်မှ (၃) ရက်
မှတ်ချက်	(ရုံးပိတ်ရက်မပါ။)
လျှောက်ထားရမည့်နေရာ	သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/ နယ်စပ် စစ်ဆေးရေးစခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာန။
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု (တာဝန်ခံ)/နယ်စပ် စစ်ဆေးရေးစခန်း (တာဝန်ခံ) များ၊ စိုက်ပျိုးရေးဦးစီးဌာန။
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Manual
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (၁၉၉၃) အပိုဒ်နံပါတ် ၆ (က) (ခ) (ဂ)

၃.၉။ အပင်နှင့် အပင်ထွက်ပစ္စည်းများ တင်သွင်းရာတွင် ကုန်ပစ္စည်းများရောက်ချိန်၌ အကောက်ခွန်ဦးစီးဌာန၏ Myanmar Automated Cargo Clearance System (MACCS) စနစ်ကိုကျင့်သုံး၍ လိုက်နာဆောင်ရွက်ခြင်း

ထုတ်ပေးသည့်ဌာန	သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု/ မြေဝတီနယ်စပ် သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေး စစ်ဆေးရေးစခန်း၊ စိုက်ပျိုးရေး ဦးစီးဌာန။
ရည်ရွယ်ချက်	(၁) ထိန်းချုပ်ပိုးမွှားများ ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ တစ်နည်းနည်းဖြင့် ရောက်ရှိမလာနိုင်ရေးအတွက် ကာကွယ်တားဆီးရန်၊ (၂) ထိန်းချုပ်ပိုးမွှား ကျရောက်လာသည့်အခါ ထိရောက်စွာနှိမ်နင်းရန်၊
တင်ပြရန်လိုအပ်မည့်အထောက် အထားများ	(၁) မူလတင်ပို့သည့်နိုင်ငံမှ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (မူရင်း) ပါရှိရမည်။ (၂) တင်သွင်းခွင့်ထောက်ခံချက် (Import Certificate –IC) မူရင်း ပါရှိရမည်။ (၃) OGA test application (၄) Bill of lading (BL) (၅) အထက်ဖော်ပြပါ စာရွက်စာတမ်းများကို MACCS စနစ်တွင် Soft copy ကို Attach ပြုလုပ်၍ Hard copy ကို သီးနှံကာကွယ်ရေးဌာနခွဲသို့ တင်ပြရမည်။
လုပ်ငန်းစဉ်အဆင့်	ကုန်ပစ္စည်း ရောက်ရှိချိန်တွင် (MACCS စနစ်အရ) စစ်ဆေးမှုကို ဆောင်ရွက်ခြင်း (၁) ကုန်ပစ္စည်းရောက်ရှိချိန်တွင် စစ်ဆေးမှုခံယူရန် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ လာရောက်အကြောင်းကြားရမည်။ (၂) စစ်ဆေးရေးမှူးမှ တင်သွင်းခွင့် ထောက်ခံချက်လက်မှတ်နှင့် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်အား တိုက်ဆိုင်စစ်ဆေးခြင်း၊ ကိုယ်

	စားပြုန္မူနာ (၀.၀၀၅-၀.၀၁ %) အား မျက်မြင် စစ်ဆေးခြင်း၊ လိုအပ်ပါက ကိုယ်စားပြုန္မူနာအား ဓါတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးခြင်းကို ဆောင်ရွက်မည်။
ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	ပိုးမွှားရောဂါကင်းရှင်းပါက MACCS စနစ်တွင် နေ့ချင်းပြီး Agree လုပ်ပေးမည် ဖြစ်ပါသည်။
မှတ်ချက်	(ရုံးပိတ်ရက်မပါ။)
လျှောက်ထားရမည့် နေရာ	သီးနှံကာကွယ်ရေးဌာနခွဲ၊ မြဝတီနယ်စပ်ပိုးမွှားရောဂါထိန်းချုပ်ရေးစခန်း စိုက်ပျိုးရေးဦးစီးဌာန။
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	သီးနှံကာကွယ်ရေးဌာနခွဲ၊ သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှုထိန်းချုပ်ရေးဌာနစု (တာဝန်ခံ) မြဝတီနယ်စပ်ပိုးမွှားရောဂါထိန်းချုပ်ရေးစခန်း (တာဝန်ခံ)၊ စိုက်ပျိုးရေးဦးစီးဌာန။
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Online
ဥပဒေ/ နည်းဥပဒေ အမည်နှင့် အညွှန်း ပုဒ်မ/ အပိုဒ်နံပါတ်	အပင်ပိုးမွှားကာကွယ်သည့်ဥပဒေ (၁၉၉၃) အပိုဒ်နံပါတ် ၄ (က) (ခ) (ဂ) ။ ၁၁။ ၁၂။ ၁၃။ ၁၃ (က) (ခ) ။ ၂၅

၃.၁၀။ သီးနှံထွက်ကုန်များ စစ်ဆေးရေးဓာတ်ခွဲခန်းမှ ပြည်တွင်းလုံခြုံစိတ်ချစွာ စားသုံးနိုင်ရေး၊ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စိုက်ပျိုးသီးနှံထွက်ကုန်များ၌ ပိုးသတ်ဆေးဓါတ်ကြွင်း၊ မှိုအဆိပ်နှင့် အဆိပ်ဓါတ်သတ္တုများကို စစ်ဆေးခြင်း

ထုတ်ပေးသည့်ဌာန	စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ
ရည်ရွယ်ချက်	(၁) စိုက်ပျိုးရေးဆိုင်ရာ သီးနှံထွက်ကုန်များ၊ အရည်အသွေးပြည့်မီ၍ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ဓာတ်ခွဲစစ်ဆေးပေးရန်၊ (၂) တင်ပို့ရောင်းချခြင်းနှင့် တင်သွင်းဖြန့်ဖြူးခြင်းတွင် ဓာတ်ခွဲစစ်ဆေး ထောက်ခံချက်များ ပံ့ပိုးပေးနိုင်ရန်၊
တင်ပြရန်လိုအပ်မည့် အထောက်အထားများ	(၁) Certificate of Analysis (COA) လျှောက်ထားရန် ကုမ္ပဏီ Letter Head ပါသော လျှောက်လွှာဖြင့် စစ်ဆေးလိုသော (Parameter) အား ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ (ရန်ကုန်) သို့ လိပ်မူလျှောက်ထားရမည်။ (၂) စစ်ဆေးလိုသည့် နမူနာမှာ ပို့ကုန်သွင်းကုန် (သို့) ရောင်းချလိုသည့် စိုက်ပျိုးထွက်ကုန်၏ ကိုယ်စား ပြုနမူနာ ဖြစ်ရမည်။ (၃) မိမိတင်ပို့မည့်နိုင်ငံ၏ တင်သွင်းရန် သတ်မှတ်ချက်၊ လိုအပ်ချက်များနှင့် အညီ Certificate of Analysis (COA) ဓာတ်ခွဲထောက်ခံချက် လက်မှတ်အား လျှောက်ထားရမည်။
(COA) ဓာတ်ခွဲစစ်ဆေးချက် လက်မှတ်ရရှိရန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ	(၁) လျှောက်လွှာဖြင့် ဓာတ်ခွဲစစ်ဆေးခွင့်ပြုမိန့် ရရှိပြီး ဖြစ်ရမည်။ (၂) ဓာတ်ခွဲစစ်ဆေးခငွေအား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်စာရင်းအမှတ် MD- 013156 သို့ ပေးသွင်းရမည်။ (၃) ဘဏ်ချလံမိတ္တူနှင့်အတူ တင်ပို့မည့် စိုက်ပျိုးရေးထွက်ကုန်၏ ကိုယ်စားပြုနမူနာအား ဓာတ်ခွဲခန်းသို့ပေးပို့ရမည်။

	(၄) ကိုယ်စားပြု နမူနာအား (မက်ထရစ်တန် ၁၀၀ လျင်-၁ ကီလိုဂရမ်) ပေးပို့ရမည်။ (၅) ဓာတ်ခွဲခန်း၏ နမူနာလက်ခံ လျှောက်လွှာ (Sample Receiving Form) တွင် ကိုယ်စားပြု နမူနာ၏ သတင်းအချက်လက်များကို လျှောက်ထားသူကိုယ်တိုင် ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ရမည်။ (၆) လျှောက်လွှာ၊ ဘဏ္ဍာချလံ မိတ္တူများနှင့် အတူ ကိုယ်စားပြုနမူနာအား လက်ခံရရှိပြီး ပြည့်စုံမှန်ကန်မှု ရှိ/မရှိ စစ်ဆေးပြီးနောက် နမူနာအား ဓာတ်ခွဲစစ်ဆေးရန် ဆက်လက်ဆောင်ရွက်ပါသည်။ (၇) Certificate of Analysis (COA) တွင် ဖော်ပြထားသော ဓာတ်ခွဲအဖြေသည် ကိုယ်စားပြု နမူနာ၏ အဖြေသာလျှင် ဖြစ်သည်။
ဝန်ဆောင်ခ	(၁) ဆန်/ဆန်ကွဲ များအတွက် ဓာတ်ခွဲစစ်ဆေးခ - ၁၃၀၀၀၀ (ကျပ်) (၂) မြေပဲဆံများအတွက်ဓာတ်ခွဲစစ်ဆေးခ-၃၀၀၀၀ (ကျပ်) (၃) ပဲမျိုးစုံအတွက် ဓာတ်ခွဲစစ်ဆေးခ-၄၀၀၀၀ (ကျပ်) (၄) ပြောင်းဆံများအတွက် ဓာတ်ခွဲစစ်ဆေးခ - ၁၃၀၀၀၀ (ကျပ်)
ကြာမြင့်ချိန်	ဓာတ်ခွဲခန်းမှ (COA) အား (၅) ရက်မှ (၁၀) ရက် အတွင်း ထုတ်ပေးမည် ဖြစ်ပါသည်။
လျှောက်ထားရမည့်နေရာ	ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန၊ ဘုရင့်နောင်လမ်းမကြီး၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
အတည်ပြုလက် မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ စိုက်ပျိုးရေးဦးစီးဌာန
Online စနစ်ဖြင့်ဆောင်	Manual

ရွက်နိုင်ခြင်း	
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	ပိုးသတ်ဆေးဥပဒေ(၂၀၁၆) အပိုဒ်(၅)(၈)

အသားနှင့် နို့ထွက်ပစ္စည်း

၄။ ပြည်ပသို့ ကျွဲ၊ နွားများ တင်ပို့ခြင်းထောက်ခံချက်

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် ကျွဲ၊ နွား ကုန်သွယ်မှု မူဝါဒအဖြစ် “ကုန်သည်မှ မွေးမြူသူသို့၊ မွေးမြူသူမှ ကုန်သည်သို့” ဟု ချမှတ်ဆောင်ရွက်လျက်ရှိရာ ကုန်ပစ္စည်းရောင်းသည့် ကုန်သည်နှင့် ကုန်ပစ္စည်းထုတ်လုပ်သူ ကျွဲ၊ နွားမွေးမြူသူတို့ အတူတကွ ဆက်သွယ်ပူးပေါင်း ဆောင်ရွက်၍ ကျွဲ၊ နွား မွေးမြူရေးလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာစေပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိစေရန်၊ ကျွဲ၊ နွားများကို ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခြင်းဖြင့် တရားမဝင် ကုန်သွယ်မှုလျော့နည်းစေပြီး နိုင်ငံတော်ဝင်ငွေ ပိုမိုတိုးတက်လာစေရန်နှင့် နယ်စပ်ဖြတ်ကျော် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်။
လိုအပ်သည့်စာရွက်စာတမ်း	(၁) လျှောက်လွှာပုံစံ- ကသ (၁) (၂) ကျွဲ၊ နွား ကိုယ်တိုင်မွေး/ မွေးဖက်ပေး စီမံချက် (၃) လျှောက်လွှာပုံစံ- ကသ(၂)(က) (၄) လျှောက်လွှာပုံစံ-ကသ (၄) (၅) စုဆောင်းခြံမှတ်ပုံတင်လက်မှတ်(AHD/PC-7) မိတ္တူ
လုပ်ငန်းစဉ်အဆင့်	(၁) OSS ရုံးတွင် လျှောက်ထားမှုအား လက်ခံခြင်းနှင့် စိစစ်ခြင်း (၂) ကျွဲ၊ နွားအမကြီးများ မွေးမြူထားရှိမှုကို စစ်ဆေးအတည်ပြုခြင်း (၃) ပြည်ပတင်ပို့မည့် ကျွဲ၊ နွားအထီးများကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျွဲ၊ နွားကောင်ရေ အတည်ပြုခြင်း (၄) ဦးစီးဌာန ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ အတည်ပြုခြင်း

	(၅) ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက်ထုတ်ပေးခြင်း (၆) ကျွဲ၊ နွား စုဆောင်းခြံမှ ပြည်ပသို့ ထွက်ခွာခွင့်ပုံစံထုတ်ပေးခြင်း
ကုန်ကျစရိတ်	တစ်ကောင်လျှင် ၁၀၀၀၀ ကျပ်
ကြာမြင့်ချိန်	၁၆ ရက်
လျှောက်ထားရမည့်နေရာ	မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ OSS ရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	ကျန်းမာရေးစစ်ဆေးခြင်းမှလွဲ၍ ကျန်အဆင့်များ Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ အခန်း (၁၁)၊ ပုဒ်မ(၂၆)

မှတ်ချက်။ *ကျွဲနွားများ ပြည်ပသို့တင်ပို့ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်အသစ်ထုတ်ပြန်နိုင်ရေး ဆောင်ရွက်လျက်ရှိပါသည်။ ထုတ်ပြန်ပြီးပါက ပြန်လည်ပြင်ဆင်ပေးပို့သွားမည်ဖြစ်ပါသည်။

၅။ ပြည်ပသို့ သိုး၊ ဆိတ်တင်ပို့ခြင်းထောက်ခံချက်

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	သိုး၊ ဆိတ် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်၊ ပြည်တွင်း စားသုံးမှုကို မထိခိုက်စေဘဲ မူဝါဒများနှင့်အညီ ပြည်ပသို့ တရားဝင်တင်ပို့ခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေများပိုမိုရရှိရန်၊ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန်။
လိုအပ်သည့်စာရွက်စာတမ်း	(၁) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (၂) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦးလက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (၃) စုဆောင်းခြံအတွက် AHD PC –7 (၄) လျှောက်ထားကောင်ရေ စုဆောင်းထားရှိပြီးဖြစ်ကြောင်း မြို့မှူးထောက်ခံချက် (၅) ကုန်ပစ္စည်းအမှာလွှာ (၆) အရောင်းအဝယ်သဘောတူစာချုပ်
လုပ်ငန်းစဉ်အဆင့်	(၁) OSS ရုံးတွင် လျှောက်ထားမှုအား လက်ခံခြင်းနှင့် စိစစ်ခြင်း (၂) ကျန်းမာရေးစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးခြင်း၊ အတည်ပြု အမှတ်အသားတပ်ဆင်ခြင်း၊ (AHD/PC–3) ထုတ်ပေးခြင်း၊ စစ်ဆေးပြီးစီးမှုတင်ပြခြင်း (၃) ဦးစီးဌာန ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ အတည်ပြုခြင်း (၄) ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက် ထုတ်ပေးခြင်း (၅) ပြည်ပသို့ထွက်ခွာခွင့်ပုံစံထုတ်ပေးခြင်း၊

ကုန်ကျစရိတ်	တစ်ကောင်လျှင် ၂၀၀၀ ကျပ်
ကြာမြင့်ချိန်	၁၄ ရက်
လျှောက်ထားရမည့် နေရာ	မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ OSS ရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	ကျန်းမာရေးစစ်ဆေးခြင်းမှလွဲ၍ ကျန်အဆင့်များ Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊အခန်း(၁၁)၊ပုဒ်မ (၂၆)

၆။ ပြည်ပသို့အေးခဲသား၊ အသားခြောက်၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ အစာတင်ပို့ခြင်း ထောက်ခံချက်

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	ပြည်တွင်းစားသုံးမှုမှ ပိုလျှံသည့် တိရစ္ဆာန်ထွက်ပစ္စည်း၊ တိရစ္ဆာန်အစာများကို မူဝါဒနှင့်အညီ ပြည်ပသို့တင်ပို့ခွင့်ပြုခြင်းဖြင့် နိုင်ငံတော်ဝင်ငွေပိုမို တိုးတက်လာစေရန်၊ မွေးမြူထုတ်လုပ်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရန်၊ ပြည်တွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရန်၊ အစားအစာ ဘေးကင်းလုံခြုံရေးနှင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါ ထိန်းချုပ်မှုကို ဆောင်ရွက်နိုင်ရန်။
လိုအပ်သည့်စာရွက်စာတမ်း	(၁) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (၂) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (၃) ဝယ်ယူစုဆောင်း သိုလှောင်ထားရှိမှု တင်ပြချက် (၄) Meat Processing Registration Card (၅) တင်သွင်းနိုင်ငံ၏ Veterinary Health Certificate (၆) ကုန်ပစ္စည်းအမှာလွှာ (၇) အရောင်းအဝယ်သဘောတူစာချုပ် (၈) ED (Export Declaration) (၉) ပစ္စည်းများဝယ်ယူစုဆောင်းမှုဆိုင်ရာ အထောက်အထား/ လိုင်စင်စီ/ စည်ပင် ထောက်ခံစာ/ ပစ္စည်းဝယ်ယူမှု ဘောင်ချာမိတ္တူ
လုပ်ငန်းစဉ်အဆင့်	(၁) OSS ရုံးတွင် လျှောက်ထားမှုအား လက်ခံခြင်းနှင့် စိစစ်ခြင်း (၂) ကွင်းဆင်းစစ်ဆေးခြင်း၊ နမူနာပစ္စည်းရယူခြင်းနှင့် ဓာတ်ခွဲခန်းတွင် စစ်ဆေးခြင်း (၃) ဦးစီးဌာန ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍

	အတည်ပြုခြင်း (၄) ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက် ထုတ်ပေးခြင်း
ကုန်ကျစရိတ်	အေးခဲသားအစို (၅,၀၀၀ ကျပ်/MT) အသားခြောက် (၆,၅၀၀ ကျပ်/ MT) ကျွဲ၊ နွား ဆားနယ်သားရေ (၁၇ ကျပ်/ PCS) သိုး၊ ဆိတ် ဆားနယ်သားရေ (၁၀ ကျပ်/ PCS) အရိုးခဲ (၁,၀၀၀ ကျပ်/MT) ကျွဲ၊ နွား ချိုး (၂,၀၀၀ ကျပ်/MT) အကြောအမျိုးမျိုး (၄,၀၀၀ ကျပ်/MT) လေပြွန်၊ အစာအိမ်၊ ဥသိုချောင်း၊ နှလုံးပြွန်၊ ကြက်ခြေထောက် (၂,၀၀၀ ကျပ်/MT) ဝက်ဆီ၊ အမဲဆီ (၁,၀၀၀ ကျပ်/MT) တိရစ္ဆာန်အစာ (၁,၂၀၀ ကျပ်/MT) ပဲဖတ်၊ နှမ်းဖတ် (၁,၀၀၀ ကျပ်/MT) ငါးမှုန့်၊ ပုဇွန်မှုန့် (၂,၁၀၀ ကျပ်/MT) ပိုးအိမ်ခြောက် (၃၅,၀၀၀ ကျပ်/MT) ပြောင်း၊ ကဇော်ဖတ် (၁,၀၀၀ ကျပ်/MT) ကျောက်ကြမ်းပိုး၊ တွင်းပိုး (၇,၀၀၀ ကျပ်/MT) ပျားရည်နှင့် ပျားထွက်ပစ္စည်း (၃,၅၀၀ ကျပ်/ MT)
ကြာမြင့်ချိန်	၁၆ ရက်
လျှောက်ထားရမည့် နေရာ	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	ကျန်းမာရေး စစ်ဆေးခြင်းမှလွဲ၍ ကျန်အဆင့်များ Online စနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊အခန်း(၁၁)၊ ပုဒ်မ(၂၆)

၇။ ပြည်တွင်းသို့ မျိုးနှင့် စီးပွားဖြစ် ကြက်ဥ၊ ကြက်ပေါက်နှင့် ဘဲပေါက် တင်သွင်းခြင်း ထောက်ခံချက်

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	ကြက်/ဘဲ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေးအတွက် မူဝါဒများနှင့်အညီ ပြည်တွင်း လိုအပ်လျက်ရှိသည့် မျိုးကောင်းမျိုးသန့်များ တင်သွင်းခြင်း၊ မွေးမြူသူများ၏ လိုအပ်ချက်အရ တင်သွင်းခြင်းဖြင့် ပြည်သူများ၏ လူမှုစီပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန်။
လိုအပ်သည့် စာရွက်စာတမ်း	(၁) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (၂) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (၃) တင်သွင်းနိုင်ငံ၏ Vaccination Program (၄) မွေးမြူမည့်ခြံအတွက် AHD PC –7 (၅) တင်သွင်းနိုင်ငံ၏ Veterinary Health Certificate (၆) ကုန်ပစ္စည်းအမှာလွှာ (၇) အရောင်းအဝယ်သဘောတူစာချုပ် (၈) GMP Certificate (၉) Farm Certificate (၁၀) Pedigree / Breed Registration Certificate
လုပ်ငန်းစဉ်အဆင့်	(၁) OSS ရုံးတွင် လျှောက်ထားမှုအား လက်ခံခြင်းနှင့် စိစစ်ခြင်း (၂) ဦးစီးဌာန ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ အတည်ပြုခြင်း (၃) ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက် ထုတ်ပေးခြင်း

ကုန်ကျစရိတ်	(၁) ကြက်ကြီးတစ်ကောင် ၅၀၀ ကျပ် (၂) ကြက်ပေါက်၊ ဘဲပေါက်တစ်ကောင် ၄ ကျပ် (၃) မျိုးကြက်ဥတစ်လုံး ၂ ကျပ်
ကြာမြင့်ချိန်	၇ ရက်
လျှောက်ထားရမည့် နေရာ	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ OSS ရုံး
Online စနစ်ဖြင့် ဆောက်ရွက်နိုင်ခြင်း	Online စနစ်ဖြင့် ဆောက်ရွက်နိုင်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊အခန်း(၁၁)၊ပုဒ်မ(၂၆)

၈။ ပြည်တွင်းသို့ မွေးမြူရေးအစာ တင်သွင်းခြင်းထောက်ခံချက်

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	ပြည်တွင်းတိရစ္ဆာန်အစာ ထုတ်လုပ်မှုနှင့် မွေးမြူရေးကဏ္ဍအတွက် လိုအပ်သော အခြေခံတိရစ္ဆာန် အစာများကို မူဝါဒနှင့်အညီ တင်သွင်းခြင်းဖြင့် ပြည် တွင်း မွေးမြူထုတ်လုပ်မှု လုပ်ငန်းများကို အထောက်အကူ ပြုနိုင်ရန်နှင့် ဘေးအန္တရာယ်ကင်းရှင်း၍ အာဟာရ ပြည့်ဝသည့် မွေးမြူရေးအစာများ တင်သွင်းနိုင်ရန်။
လိုအပ်သည့် စာရွက်စာတမ်း	(၁) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (၂) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (၃) COA အရည်အသွေး စစ်ဆေးမှုဆိုင်ရာ ထောက်ခံချက် (၄) ပစ္စည်းများ၏အသေးစိတ်ဖော်ပြချက် (Catalogue) (၅) Free Sales Certificate (၆) ကုန်ပစ္စည်းအမှာလွှာ (၇) အရောင်းအဝယ်သဘောတူစာချုပ် (၈) GMP Certificate (၉) Traceability အထောက်အထား၊ (၁၀) သက်တမ်းရှိနမူနာဓါတ်ခွဲခန်းစစ်ဆေးချက်၊ (၁၁) Veterinary Health Certificate
လုပ်ငန်းစဉ်အဆင့်	(၁) OSS ရုံးတွင် လျှောက်ထားမှုအား လက်ခံခြင်းနှင့် စိစစ်ခြင်း (၂) ဦးစီးဌာန ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ အတည်ပြုခြင်း (၃) ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက် ထုတ်ပေးခြင်း

ကုန်ကျစရိတ်	**ဓာတ်ခွဲစစ်ဆေးခမှလွဲ၍ ကျန်ကုန်ကျစရိတ်မရှိပါ။**
ကြာမြင့်ချိန်	၇ ရက်
လျှောက်ထားရမည့် နေရာ	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ OSS ရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	**Online စနစ်ဖြင့် ဆောက်ရွက်နိုင်ပါသည်။**
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း(၁၁)၊ ပုဒ်မ(၂၆)

၉။ ပြည်တွင်းသို့ မွေးမြူရေးလုပ်ငန်းသုံး ဆေးဝါးတင်သွင်းခြင်းထောက်ခံချက်

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သော အရည်အသွေးပြည့်မီသည့် တိရစ္ဆာန် ရောဂါကာကွယ်ဆေး၊ ကုသဆေး၊ ခြံဖျန်းပိုးသတ်ဆေး၊ ဖြည့်စွက်ဆေးဝါးများ ကိုမူဝါဒအညီ တင်သွင်းခွင့်ပြုခြင်းဖြင့် ပြည်တွင်းမွေးမြူ ထုတ်လုပ်မှု လုပ်ငန်းများကို အထောက်အကူပြုနိုင်ရန်။
လိုအပ်သည့် စာရွက်စာတမ်း	(၁) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (၂) ကုမ္ပဏီ၏ **Letter Head** ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (၃) COA အရည်အသွေးစစ်ဆေးမျုဆိုင်ရာ ထောက်ခံချက် (၄) ပစ္စည်းများ၏ အသေးစိတ်ဖော်ပြချက် (Catalogue) (၅) Free Sales Certificate (၆) ကုန်ပစ္စည်းအမှာလွှာ (၇) အရောင်းအဝယ်သဘောတူစာချုပ် (၈) GMP Certificate (၉) Traceability အထောက်အထား၊ (၁၀) သက်တမ်းရှိ နမူနာစာတမ်းခွဲခန်းစစ်ဆေးချက်၊
လုပ်ငန်းစဉ်အဆင့်	(၁) OSS ရုံးတွင် လျှောက်ထားမှုအား လက်ခံခြင်းနှင့် စိစစ်ခြင်း (၂) ဦးစီးဌာန ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ အတည်ပြုခြင်း (၃) ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက် ထုတ်ပေးခြင်း

ကုန်ကျစရိတ်	**ဓာတ်ခွဲစစ်ဆေးခမှလွဲ၍ ကျန်ကုန်ကျစရိတ်မရှိပါ**
ကြာမြင့်ချိန်	၇ ရက်
လျှောက်ထားရမည့် နေရာ	မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ OSS ရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	**Online စနစ်ဖြင့် ဆောက်ရွက်နိုင်ပါသည်။**
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၁၁)၊ ပုဒ်မ (၂၆)

၁၀။ ပြည်တွင်းသို့ မွေးမြူရေးလုပ်ငန်းသုံး ဓါတ်ခွဲခန်းသုံးပစ္စည်းများ တင်သွင်းခြင်း ထောက်ခံချက်

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	မွေးမြူရေးကဏ္ဍအတွက် ပြည်တွင်း၌ ထုတ်လုပ်နိုင်ခြင်းမရှိသည့် တိရစ္ဆာန်သုံးပစ္စည်းများဖြစ်သည့် မွေးမြူရေးလုပ်ငန်းသုံးပစ္စည်း၊ စက်ရုံသုံးပစ္စည်း၊ ခြံသုံးပစ္စည်းနှင့် ဓာတ်ခွဲခန်းသုံးပစ္စည်းများကို မူဝါဒနှင့်အညီ တင်သွင်းခွင့်ပြုခြင်းဖြင့် ပြည်တွင်းမွေးမြူ ရေးလုပ်ငန်းကို အထောက်အကူပြုရန်။
လိုအပ်သည့် စာရွက်စာတမ်း	(၁) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (၂) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (၃) ပစ္စည်းများ၏ အသေးစိတ်ဖော်ပြချက် (Catalogue) (၄) Free Sales Certificate (၅) ကုန်ပစ္စည်းအမှာလွှာ (၆) အရောင်းအဝယ်သဘောတူစာချုပ်
လုပ်ငန်းစဉ်အဆင့်	(၁) OSS ရုံးတွင် လျှောက်ထားမှုအား လက်ခံခြင်းနှင့်စိစစ်ခြင်း (၂) ဦးစီးဌာန ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ အတည်ပြုခြင်း (၃) ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက် ထုတ်ပေးခြင်း
ကုန်ကျစရိတ်	**တန်ဖိုး၏ ၀.၁ %**
ကြာမြင့်ချိန်	၇ ရက်
လျှောက်ထားရမည့် နေရာ	မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ OSS ရုံး
Online စနစ်ဖြင့် ဆောင်ရွက်	**Online စနစ်ဖြင့် ဆောက်ရွက်နိုင်ပါသည်။**

နိုင်ခြင်း	
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၁၁)၊ ပုဒ်မ (၂၆)

၁၁။ ပြည်တွင်းသို့ ဘဲမွေး၊ ငန်းမွေးများ တင်သွင်းခြင်းထောက်ခံချက် (အထည်ချုပ်စက်ရုံများတွင် အသုံးပြုရန်)

လိုင်စင်/ပါမစ်ထုတ်ပေးသည့်ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းအတွက် ကုန်ကြမ်းပေး ကုန်ချောယူစနစ်ဖြင့် တင်သွင်းလာသည့် ဘဲမွေး၊ ငန်မွေးများ၏ နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ ကင်းရှင်းမှု ရှိ/မရှိ စစ်ဆေးပေးခြင်းဖြင့် အထည်ချုပ်လုပ်ငန်းနှင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းကို အထောက်အကူပြုရန်။
လိုအပ်သည့်စာရွက်စာတမ်း	(၁) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (၂) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦးလက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (၃) တင်ပို့လာသည့်နိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ တာဝန်ရှိ အဖွဲ့အစည်းမှ ထုတ်ပေးသည့် ကျန်းမာရေးထောက်ခံစာ (မူရင်း) နှင့် ပင်ရင်းဒေသထောက်ခံချက်လက်မှတ် (မူရင်း) (၄) ဘဲမွေး၊ ငန်းမွေး၊ ကြက်ဆင်မွေး၊ ယုန်မွေးနှင့် တောကြောင်မွေးတို့၏ မွေးကုဦးစီးဌာနမှ ထုတ်ပေးသော ဓာတ်ခွဲခန်း စမ်းသပ်ချက်အဖြေ (၅) ကုန်ပစ္စည်းအမှာလွှာနှင့် အရောင်းအဝယ်သဘောတူစာချုပ် (၆) ထုပ်ပိုးစာရင်း (Packing List) (၇) ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော တင်သွင်းလိုင်စင် (မိတ္တူ) (၈) ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် (မိတ္တူ) (၉) ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေး

	သော ကုမ္ဍဏီမှတ်ပုံတင်လက်မှတ် (မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည် သို့မဟုတ် တင်သွင်းသူသည် ဘဲမွေး၊ ငန်းမွေး၊ ကြက်ဆင်မွေး၊ ယုန်မွေးနှင့် တောကြောင်မွေး တင်သွင်းခြင်းအတွက် ကုန်သွယ်ရေးဦးစီးဌာနမှ ထုတ်ပေးသော တင်သွင်းလိုင်စင်ကို ရရှိပြီးဖြစ်ရမည်။ (၂) မြန်မာနိုင်ငံအတွင်းသို့ ဘဲမွေး၊ ငန်းမွေး၊ ကြက်ဆင်မွေး၊ ယုန်မွေးနှင့် တောကြောင်မွေး တင်သွင်းခြင်းအတွက် ကျန်းမာရေးထောက်ခံချက် လက်မှတ်ထုတ်ပေးနိုင်ရန် MACCS စနစ်ကို အသုံးပြု၍ လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (၃) လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် ဘဲမွေး၊ ငန်းမွေး၊ ကြက် ဆင်မွေး၊ ယုန်မွေးနှင့် တောကြောင်မွေးတို့၏ နမူနာများကို ဓာတ်ခွဲစစ်ဆေးနိုင်ရန်အတွက် တင်ပြရမည်။ (နမူနာပစ္စည်းများသည် DHL ကဲ့သို့ သော နိုင်ငံတကာ ပို့ဆောင်ဆက်သွယ်ရေးမှတစ်ဆင့် ပေးပို့သော ပစ္စည်းများ ဖြစ်ရမည်) (၄) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် တင်ပြလာသော အထောက်အထားများနှင့် နမူနာများကို စစ်ဆေးမည်။ (၅) တင်ပြလာသော အထောက်အထားများ ပြည့်စုံပြီး စစ်ဆေးထားသော နမူနာများတွင် မည်သည့် ကူးစက်ရောဂါမှမရှိလျှင် MACCS စနစ်မှတစ်ဆင့် လျှောက်ထားသူ သို့မဟုတ် တင်သွင်းသူသည် ကျန်းမာရေး ထောက်ခံချက်လက်မှတ်ကို လက်ခံရရှိမည်။
ကုန်ကျစရိတ်	မက်ထရစ်တန် ၁ တန်လျှင် ၁၅,၀၀၀ ကျပ် (၁ ကီလိုဂရမ် လျှင် ၁၅ ကျပ်)

ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၇ ရက်
လျှောက်ထားရမည့် နေရာ	MACCS စနစ်ကို အသုံးပြု၍ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနသို့ တင်ပြရန်
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	MACCS
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ ညွှန်ကြားရေးမှူး
ဥပဒေ/နည်းဥပဒေအမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၁၁)၊ ပုဒ်မ (၂၆)

၁၂။ ပြည်တွင်းသို့ မျိုးတိရစ္ဆာန်များ (ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ မြင်း၊ ပျား) တင်သွင်းခြင်း ထောက်ခံချက်

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရေးအတွက် မူဝါဒများနှင့်အညီ ပြည်တွင်းလိုအပ်လျက်ရှိသည့် မျိုးကောင်းမျိုးသန့် တိရစ္ဆာန်များ တင်သွင်းခြင်းဖြင့် မွေးမြူထုတ်လုပ်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန်။
လိုအပ်သည့်စာရွက်စာတမ်း	(၁) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (၂) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (၃) တင်သွင်းနိုင်ငံ၏ အခွင့်အာဏာရှိ တိရစ္ဆာန်ဆေးကုဆရာဝန် (Veterinary Authority) မှ ထုတ်ပေးသော ကျန်းမာကြောင်း ထောက်ခံချက် လက်မှတ် (Veterinary Health Certificate) (၄) တင်သွင်းနိုင်ငံ မျိုးတိရစ္ဆာန် မွေးမြူသည့်ခြံ/ ပျားစခန်း၏ မှတ်ပုံတင်လက်မှတ် (Farm Certificate) (၅) ကုန်ပစ္စည်းအမှာလွှာ (၆) မွေးမြူမည့်ခြံ/ ပျားစခန်း၏ မှတ်ပုံတင်လက်မှတ် (Farm Certificate) (၇) တင်သွင်းနိုင်ငံ မျိုးရင်းမှတ်ပုံတင် လက်မှတ် (Pedigree Certificate/ Breed Registration Certificate) နှင့် မျိုးရိုးဆိုင်ရာ အထောက်အထား (၈) အရောင်းအဝယ်သဘောတူစာချုပ် (၉) တင်သွင်းနိုင်ငံ မျိုးတိရစ္ဆာန်မွေးမြူသည့်ခြံ၏

	ကာကွယ်ဆေးထိုးမှတ်တမ်း
လုပ်ငန်းစဉ်အဆင့်	(၁) OSS ရုံးတွင် လျှောက်ထားမှုအား လက်ခံခြင်းနှင့်စိစစ်ခြင်း (၂) ဦးစီးဌာန ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ အတည်ပြုခြင်း (၃) ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက်ထုတ်ပေးခြင်း
ကုန်ကျစရိတ်	တစ်ကောင်လျှင် ၁၀,၀၀၀ (ကျွဲ၊ နွား၊ မြင်း)၊ ၂,၀၀၀ (သိုး၊ ဆိတ်)၊ ပျားအတွက် သတ်မှတ်ထားခြင်း မရှိသေးပါ။ သတ်မှတ်ပြီးပါက ပြန်လည်တင်ပြပါမည်။
ကြာမြင့်ချိန်	၇ ရက်
လျှောက်ထားရမည့်နေရာ	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ OSS ရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Online စနစ်ဖြင့် ဆောက်ရွက်နိုင်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၁၁)၊ ပုဒ်မ (၂၆)

၁၃။ ပြည်တွင်းသို့ မျိုးတိရစ္ဆာန်များ (မျိုးရည်ခဲချောင်း၊ သန္ဓေသားလောင်း) တင်သွင်းခြင်း ထောက်ခံချက်

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	ပြည်တွင်း လိုအပ်လျက်ရှိသည့် မျိုးကောင်းမျိုးသန့်များကို မူဝါဒများနှင့်အညီ တင်သွင်းခြင်းဖြင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာပြီး မွေးမြူထုတ်လုပ်သူများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးရည်ခဲချောင်း၊ သန္ဓေသားလောင်းများမှတဆင့် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန်။
လိုအပ်သည့်စာရွက်စာတမ်း	(၁) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (၂) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦးလက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (၃) တင်သွင်းနိုင်ငံ၏ အခွင့်အာဏာရှိ တိရစ္ဆာန်ဆေးကုဆရာဝန် (Veterinary Authority) မှ ထုတ်ပေးသော ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ် (Veterinary Health Certificate) (၄) တင်သွင်းနိုင်ငံ မျိုးတိရစ္ဆာန် မွေးမြူသည့်ခြံ၏ မှတ်ပုံတင်လက်မှတ် (Farm Certificate) (၅) ကုန်ပစ္စည်းအမှာလွှာ (၆) တင်သွင်းနိုင်ငံမှ အစိုးရ/ သက်ဆိုင်ရာဌာန၏ အသိအမှတ်ပြုလက်မှတ် (၇) တင်သွင်းနိုင်ငံ မျိုးရင်း မှတ်ပုံတင်လက်မှတ် (Pedigree Certificate/ Breed Registration Certificate) (၈) အရောင်းအဝယ်သဘောတူစာချုပ် (၉) တင်သွင်းနိုင်ငံ မျိုးတိရစ္ဆာန် မွေးမြူသည့်ခြံ၏ ကာကွယ်ဆေးထိုးမှတ်တမ်း

လုပ်ငန်းစဉ်အဆင့်	(၁) OSS ရုံးတွင် လျှောက်ထားမှုအား လက်ခံခြင်းနှင့်စိစစ်ခြင်း (၂) ဦးစီးဌာန ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ အတည်ပြုခြင်း (၃) ကျန်းမာရေးဆိုင်ရာ သဘောထားမှတ်ချက်ထုတ်ပေးခြင်း
ကုန်ကျစရိတ်	တန်ဖိုး၏ ၀.၁ %
ကြာမြင့်ချိန်	၇ ရက်
လျှောက်ထားရမည့်နေရာ	မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ OSS ရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Online စနစ်ဖြင့် ဆောက်ရွက်နိုင်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၁၁)၊ ပုဒ်မ (၂၆)

၁၄။ အေးခဲသားများ Transit Trade စနစ်ဖြင့် ကုန်သွယ်မှုပြုလုပ်ခြင်းထောက်ခံချက်

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	အေးခဲအသားများကို ပြည်ပနိုင်ငံများမှ တင်သွင်းပြီး စျေးကွက်လိုအပ်ချက် ကြီးမားသော ပြည်ပနိုင်ငံများသို့ Transit Trade စနစ်အသုံးပြု၍ ကုန်သွယ်မှုခွင့်ပြုခြင်းဖြင့် ကုန်သွယ်မှုပမာဏ တိုးတက်လာပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သော ဝင်ငွေများ ပိုမိုရရှိလာနိုင်စေရန်နှင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန်။
လိုအပ်သည့် စာရွက်စာတမ်း	(၁) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (၂) ကုမ္ပဏီ၏ Letter Head ဖြင့် ဒါရိုက်တာတစ်ဦး လက်မှတ်ထိုးထားသော လျှောက်လွှာနှင့် ကတိဝန်ခံချက် (၃) ကုန်ရောင်းနိုင်ငံ၏ အခွင့်အာဏာရှိ တိရစ္ဆာန်ဆေးကုဆရာဝန် (Veterinary Authority) မှ ထုတ်ပေးသော ကျန်းမာကြောင်း ထောက်ခံချက်လက်မှတ် (Veterinary Health Certificate) (၄) ကုန်ရောင်းနိုင်ငံနှင့် ကုန်လက်ခံနိုင်ငံတို့အကြား ကုန်ပစ္စည်းအမှာလွှာ (၅) ထုတ်ပိုးစာရင်း (Packing List) (၆) ကုန်ရောင်းနိုင်ငံနှင့် ကုန်လက်ခံနိုင်ငံတို့အကြား အရောင်းအဝယ် သဘောတူစာချုပ် (၇) Transit Trade လုပ်ငန်းအတွက် တရားဝင်လုပ်ငန်းအပ်နှံသည့် အထောက်အထား (၈) ကုန်ရောင်းနိုင်ငံ၏ တင်ပို့ခွင့်လိုင်စင်/ပါမစ်နှင့် ကုန်လက်ခံနိုင်ငံမှ တင်သွင်းခွင့်လိုင်စင်/ပါမစ် (၉) Transit Trade လုပ်ငန်းအတွက် နိုင်ငံခြားငွေဖြင့် သီးခြားဖွင့်လှစ်ထားသည့် ဘဏ်စာရင်းစာအုပ်မိတ္တူနှင့် လုပ်ငန်းအတွက် ကြိုတင်ပေး

	ချေထားသည့် အထောက်အထား (၁၀) ထုတ်လုပ်စက်ရုံ၏ HACCP/GMP အထောက်အထား (၁၁) တင်သွင်းအေးခဲသား၏ Traceability အထောက်အထား
လုပ်ငန်းစဉ်အဆင့်	(၁) OSS ရုံးတွင် လျှောက်ထားမှုအား လက်ခံခြင်းနှင့်စိစစ်ခြင်း (၂) ဦးစီးဌာန ကြီးကြပ်မှုကော်မတီသို့ တင်ပြ၍ အတည်ပြုခြင်း (၃) သဘောထားမှတ်ချက်ထုတ်ပေးခြင်း
ကုန်ကျစရိတ်	၁၅၀၀ကျပ်/MT
ကြာမြင့်ချိန်	၇ ရက်
လျှောက်ထားရမည့်နေရာ	မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ OSS ရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Online စနစ်ဖြင့် ဆောက်ရွက်နိုင်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၁၁)၊ ပုဒ်မ (၂၆)

၁၅။ ကျွဲ၊ နွားများ သားသတ်ရန်၊ မွေးမြူရန် သို့မဟုတ် ပြည်ပတင်ပို့ရန် ဝယ်ယူစုဆောင်းခြင်း ထောက်ခံချက်

လိုင်စင်/ပါမစ်ထုတ်ပေးသည့်ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် ကျွဲ၊ နွား ရွှေ့လျားမှုကို သိရှိ နိုင်ရန်၊ သားသတ်ကောင်ရေစာရင်းနှင့် အသားစားသုံးမှု အမှန်သိရှိနိုင်ရန်၊ တိရစ္ဆာန်အရင်းအမြစ် ပြုန်းတီးမှုကို ကာကွယ်ရန်နှင့် လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်။
လိုအပ်သည့်စာရွက်စာတမ်း	**ကျွဲ၊ နွားများ သားသတ်ရန် ဝယ်ယူစုဆောင်းခြင်း** (၁) သားသတ်လိုင်စင်နှင့် လအလိုက် သားသတ်ခွင့်ပြုကောင်ရေစာရင်း၊ (၂) ခရီးဆုံးဒေသရှိ မြို့နယ်မွေး/ကု ထောက်ခံချက်၊ (၃) ကတိခံဝန်ချက်၊ (၄) AHD PC-3၊ **စီးပွားဖြစ်မွေးမြူရန် ဝယ်ယူစုဆောင်းခြင်း** (၁) မွေးမြူရေးခြံလုပ်ငန်း မှတ်ပုံတင်လက်မှတ် (၂) ခရီးဆုံးဒေသရှိ မြို့နယ်မွေး/ကု ထောက်ခံချက်၊ (၃) ကတိခံဝန်ချက်၊ (၄) AHD PC-3၊ **ပြည်ပတင်ပို့ရန် ဝယ်ယူစုဆောင်းခြင်း** (၁) SMART Card၊ (၂) ခရီးဆုံးဒေသရှိ စုဆောင်းခြံမှတ်ပုံတင်လက်မှတ်၊ (၃) ကုမ္ပဏီမှတ်ပုံလက်မှတ် (၄) ကတိခံဝန်ချက်၊ (၅) ခရီးဆုံးဒေသရှိမွေး/ကုထောက်ခံစာ၊ (၆) ရုံးချုပ်အတည်ပြုမွေးဖက်ပေးနှင့် တင်ပို့ကောင်ရေစာရင်းချုပ်

လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားမှုအား လက်ခံခြင်းနှင့် စိစစ်ခြင်း (၂) ရုံးချုပ် သို့မဟုတ် တိုင်း/ပြည်နယ် သို့မဟုတ် သက်ဆိုင်ရာခရိုင်သို့ ပဏာမ ခွင့်ပြုချက် တောင်းခံခြင်း (၃) ဌာနက အသိအမှတ်ပြုထားသော တိရစ္ဆာန် အမှတ်အသား ထုတ်ယူတပ်ဆင်ခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်း (၄) ခရိုင်ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြခြင်း (၅) စိစစ်ခွင့်ပြုစာ၊ ကျွဲ၊ နွား သယ်ဆောင်ခွင့် လက်မှတ်နှင့် AHD/ PC-3 တို့ကို လျှောက်ထားသူအား ထုတ်ပေးခြင်း
ကုန်ကျစရိတ်	ကျွဲ၊ နွား တစ်ကောင်လျှင် ၁၀၀၀၀ ကျပ်
ကြာမြင့်ချိန်	၇ ရက်
လျှောက်ထားရမည့် နေရာ	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ OSS ရုံး
Online စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်း	ကျန်းမာရေးစစ်ဆေးခြင်းမှလွဲ၍ Online စနစ်ဖြင့် ဆောက်ရွက်နိုင်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၁၁)၊ ပုဒ်မ (၂၆)

၁၆။ တိရစ္ဆာန်အစာထုတ်လုပ်သူမှတ်ပုံတင်လက်မှတ်ထောက်ခံချက်

လိုင်စင်/ပါမစ်ထုတ်ပေးသည့်ဌာန	မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	ပြည်တွင်းထုတ်လုပ်မှုအတွက်စွမ်းအားသိရှိနိုင်ရန်
လိုအပ်သည့်စာရွက်စာတမ်း	(၁) သတ်မှတ်ထားသောလျှောက်လွှာပုံစံ (၂) တိရစ္ဆာန်အစာထုတ်လုပ်ခြင်းဆိုင်ရာ အဆောက်အအုံ အကွက်ချပုံစံ (layout plan) (၃) ကုမ္ဏီမှတ်ပုံတင်လက်မှတ် (၄) ဦးစီးဌာန၏ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်
လုပ်ငန်းစဉ်အဆင့်	(၁) ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ လျှောက်ထားခြင်း (၂) အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း (၃) သတ်မှတ်ချက်ဖြင့် ပြည့်စုံပါက အတည်ပြုလက်မှတ်ထုတ်ပေးခြင်း
ကုန်ကျစရိတ်	သတ်မှတ်ထားခြင်းမရှိသေးပါ။ သတ်မှတ်ပြီးပါက ပြန်လည်တင်ပြပါမည်။
ကြာမြင့်ချိန်	၁၀ ရက်
လျှောက်ထားရမည့်နေရာ	သက်ဆိုင်ရာမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Online စနစ်ဖြင့် ဆောက်ရွက်နိုင်ပါသည်။
လက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၁၀)၊ ပုဒ်မ (၂၃)

၁၇။ တိရစ္ဆာန် ဆေးဝါးထုတ်လုပ်သူ မှတ်ပုံတင်လက်မှတ်

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	ပြည်တွင်းထုတ်လုပ်မှုတိုးတက်စေရန်
လိုအပ်သည့်စာရွက်စာတမ်း	(၁) သတ်မှတ်ထားသောလျှောက်လွှာပုံစံ (၂) တိရစ္ဆာန်ဆေးဝါး ထုတ်လုပ်ခြင်းဆိုင်ရာအဆောက်အအုံအကွက်ချပုံစံ(layout plan) (၃) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (၄) ဦးစီးဌာန၏စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်
လုပ်ငန်းစဉ်အဆင့်	(၁) ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ လျှောက်ထားခြင်း (၂) အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း (၃) သတ်မှတ်ချက်ဖြင့် ပြည့်စုံပါက အတည်ပြုလက်မှတ်ထုတ်ပေးခြင်း
ကုန်ကျစရိတ်	သတ်မှတ်ထားခြင်းမရှိသေးပါ။ သတ်မှတ်ပြီးပါက ပြန်လည်တင်ပြပါမည်။
ကြာမြင့်ချိန်	၁၀ ရက်
လျှောက်ထားရမည့်နေရာ	သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Online စနစ်ဖြင့် ဆောက်ရွက်နိုင်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၁၀)၊ ပုဒ်မ (၂၃)

၁၈။ အသားပြုပြင်ထုတ်လုပ်သူ မှတ်ပုံတင်လက်မှတ်

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် အစားအစာ ဘေးကင်းလုံခြုံမှုရှိစေရန်
လိုအပ်သည့်စာရွက်စာတမ်း	(၁) သတ်မှတ်ထားသောလျှောက်လွှာပုံစံ (၂) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (၃) မြေယာပိုင်ဆိုင်မှုအခြေအနေနှင့် အသားပြုပြင်ထုတ်လုပ်ခြင်းဆိုင်ရာ အဆောက်အအုံအကွက်ချပုံစံ (layout plan) (၄) သက်ဆိုင်ရာ အစိုးရ၊ ဌာန၊ အဖွဲ့အစည်းများက ထုတ်ပေးသောအသိအမှတ်ပြုလက်မှတ်/လိုင်စင် (၅) လုပ်ငန်းစီမံချက် (၆) ဦးစီးဌာန၏ စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း ကတိဝန်ခံချက်
လုပ်ငန်းစဉ်အဆင့်	(၁) ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ လျှောက်ထားခြင်း (၂) အဖွဲ့ဖြင့် ကွင်းဆင်းစစ်ဆေးခြင်း (၃) သတ်မှတ်ချက်ဖြင့် ပြည့်စုံပါက အတည်ပြုလက်မှတ်ထုတ်ပေးခြင်း
ကုန်ကျစရိတ်	သတ်မှတ်ထားခြင်းမရှိသေးပါ။ သတ်မှတ်ပြီးပါက ပြန်လည်တင်ပြပါမည်။
ကြာမြင့်ချိန်	၁၀ ရက်
လျှောက်ထားရမည့်နေရာ	သက်ဆိုင်ရာမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူးရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Online စနစ်ဖြင့် ဆောက်ရွက်နိုင်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ဌာနမှတာဝန်ပေးအပ်ထားသူ ဒုတိယညွှန်ကြားရေးမှူးချုပ်/ညွှန်ကြားရေးမှူး

ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၁၀)၊ ပုဒ်မ (၂၃)

၁၉။ ပျားမွေးမြူရေးလုပ်ငန်း ခွင့်ပြုလက်မှတ်အသစ် ထုတ်ပေးခြင်း

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	ပျားရောဂါ ကာကွယ်ခြင်းနှင့် ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်ရန်၊ ပျား စားကျက် ခွဲဝေချထားပေးရန်၊ နည်းပညာနှင့် မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးရန်
လိုအပ်သည့်စာရွက်စာတမ်း	(၁) လျှောက်ထားသူ၏ မှတ်ပုံတင်မိတ္တူ (၂) အိမ်ထောင်စုစာရင်း (၃) ပျားသင်တန်းတက်ပြီးကြောင်း သင်တန်းဆင်းလက်မှတ်
လုပ်ငန်းစဉ်အဆင့်	(၁) မြို့နယ်တာဝန်ခံရုံးတွင် လျှောက်ထားမှုလက်ခံခြင်း၊ ပျားအုံများ ကွင်းဆင်းစစ်ဆေးခြင်း (၂) ရက် (၂) တိုင်းဒေသကြီး/ ပြည်နယ်ရုံးမှ စိစစ်ခြင်းနှင့် ရုံးချုပ်သို့ ပေးပို့ခြင်း (၂) ရက် (၃) ရုံးချုပ်မှစိစစ်၍ ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်း (၁) ရက်
ကုန်ကျစရိတ်	ကျပ် ၁၀၀၀၀/-
ကြာမြင့်ချိန်	၅ ရက်
လျှောက်ထားရမည့်နေရာ	သက်ဆိုင်ရာ မြို့နယ်ပျားမွေးမြူရေးလုပ်ငန်းရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Online စနစ်ဖြင့် ဆောက်ရွက်နိုင်ခြင်း မရှိပါ
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	တိုင်းဒေသကြီး/ပြည်နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံ
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၉)၊ ပုဒ်မ (၁၉)

၂၀။ ပြည်ပသို့ပျားရည်တင်ပို့ရန် မွေးမြူရေးပျားရည်ဖြစ်ကြောင်း ထောက်ခံချက် ထုတ်ပေးခြင်း

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ရည်ရွယ်ချက်	ပြည်တွင်းစားသုံးမှုဖူလုံစေရန် ပျားရည်ကို မူဝါဒနှင့် အညီ ပြည်ပသို့ တင်ပို့ခွင့်ပြုခြင်းဖြင့် နိုင်ငံတော်ဝင်ငွေ ပိုမိုတိုးတက်လာစေရန်နှင့် ပြည်တွင်း ပျားမွေးမြူမှု ဖွံ့ဖြိုးတိုးတက်စေရန် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးနိုင်ရန်။
လိုအပ်သည့်စာရွက်စာတမ်း	(၁) ထောက်ခံချက်တောင်းခံခြင်းလျှောက်လွှာ (၂) အရောင်းအဝယ်သဘောတူစာချုပ် (Sale Contract) (၃) ကုန်ပစ္စည်းအမှာလွှာ (Invoice) (၄) ပျားရည်ဝယ်ယူခဲ့သည့် ဒေသမှ တိုင်းဒေသကြီး၊ ပြည်နယ်တာဝန်ခံ၊ မြို့နယ်တာဝန်ခံတို့၏ ဒေသ ထောက်ခံချက်
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားမှုအား လက်ခံခြင်းနှင့် စိစစ်ခြင်း (၂) နမူနာပစ္စည်းရယူခြင်းနှင့် ဓာတ်ခွဲခန်းတွင် အရည် အသွေးစစ်ပြီး Health Certificate ထုတ်ပေး ခြင်း (၃) ကြီးကြပ်မှုကော်မတီသို့တင်ပြ၍ အတည်ပြုချက် ရယူခြင်း (၄) မွေးမြူရေးပျားရည်ဖြစ်ကြောင်း ထောက်ခံချက် ထုတ်ပေးခြင်း
ကုန်ကျစရိတ်	Sucrose (၁) မက်ထရစ်တန် – ၃,၅၀၀ ကျပ် Glucose (၁)ကြိမ် – ၁၅,၀၀၀ ကျပ်
ကြာမြင့်ချိန်	(၁၄) ရက်
လျှောက်ထားရမည့်နေရာ	ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိပါ။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ
ဥပဒေ/ နည်းဥပဒေအမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	တိရစ္ဆာန်ကျန်းမာရေးနှင့်မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အခန်း (၉)၊ ပုဒ်မ (၁၉)

ရေထွက်ပစ္စည်း

၂၁။ စီးပွားဖြစ် ငါးမွေးမြူခြင်းလိုင်စင် (ငါး/ပုစွန်)

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	ငါးလုပ်ငန်းဦးစီးဌာန
ရည်ရွယ်ချက်	ငါးမွေးမြူခြင်းဆိုင်ရာ လိုင်စင်များကို ထုတ်ပြန်ထားသော ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရန်။
လိုအပ်သည့်စာရွက်စာတမ်း	(၁) ငါးမွေးမြူခြင်းဆိုင်ရာ လိုင်စင်လျှောက်လွှာ (Form b) (၂) မွေးမြူသည့်မြေနေရာ (သို့မဟုတ်) ရေ၏ အမျိုးအစားနှင့် သက်ဆိုင်သည့် အချက်အလက်များ (၃) မွေးမြူမည့် လယ (၃၀) ရပြီးဖြစ်သော မြေနေရာနှင့် သက်ဆိုင်သော အချက်အလက်များ (ပုံစံ - ၁၀၅ ကို တွဲ၍တင်ပါ) (၄) ငါး/ ပုစွန် သားပေါက်မွေးမြူမည့် မြေနေရာနှင့် ဧရိယာ၏ မြေပုံအကြမ်း
လုပ်ငန်းစဉ်အဆင့်များ	(၁) လျှောက်ထားသူသည် စီးပွားဖြစ် ငါးမွေးမြူခြင်းလိုင်စင်လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (၂) ပြည်နယ် (သို့မဟုတ်) တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီးပြည့်စုံခဲ့လျှင် စီးပွားဖြစ် ငါးမွေးမြူခြင်းလိုင်စင်ကို ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအရ ထုတ်ပေးမည်။
ကုန်ကျစရိတ်	လိုင်စင်နှုန်းထားများ (၁) ငါးမွေးမြူသည့် နေရာပေါ်တွင်မူတည်၍ လိုင်စင်နှုန်းများမှာ- (က) ရန်ကုန်နှင့်ဧရာဝတီ ၃၀၀၀ ကျပ်/ ဧက (ခ) စစ်ကိုင်း၊ မန္တလေး၊ ပဲခူးနှင့် မွန်ပြည်နယ်

	၁၅၀၀ ကျပ်/ဧက (ဂ) အခြားတိုင်းဒေသကြီးများ ၉၀၀ ကျပ်/ဧက (ဃ) လှောင်အိမ်စနစ်ဖြင့် မွေးမြူခြင်း (၁၀×၁၀×၁၀) ပေ ၂၀၀ ကျပ်/ ဧက (၂) ပုစွန်မွေးမြူသည့် စနစ်ပေါ်တွင်မူတည်၍ လိုင်စင်ခနှုန်းထားများ (၁) Extensive System ၃၀၀ ကျပ်/ ဧက (၂) Extensive Plus System ၃၀၀ ကျပ်/ဧက (၃) Semi–intensive System ၁၀၀၀ ကျပ်/ဧက
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ်ရက် ၃ ရက်အတွင်း
လျှောက်ထားရမည့်နေရာ	သက်ဆိုင်ရာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
Online စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်းရှိ	ဆောင်ရွက်ဆဲကာလဖြစ်ပါသည်။
လက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ ၊ ပုဒ်မ ၃

	၁၅၀၀ ကျပ်/ဧက (ဂ) အခြားတိုင်းဒေသကြီးများ ၉၀၀ ကျပ်/ဧက (ဃ) လှောင်အိမ်စနစ်ဖြင့် မွေးမြူခြင်း (၁၀×၁၀×၁၀) ပေ ၂၀၀ ကျပ်/ ဧက (၂) ပုစွန်မွေးမြူသည့် စနစ်ပေါ်တွင်မူတည်၍ လိုင်စင်ခနှုန်းထားများ (က) Extensive System ၃၀၀ ကျပ်/ ဧက (ခ) Extensive Plus System ၃၀၀ ကျပ်/ဧက (ဂ) Semi-intensive System ၁၀၀၀ကျပ်/ဧက
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ်ရက် ၃ ရက်အတွင်း
လျှောက်ထားရမည့်နေရာ	သက်ဆိုင်ရာမြို့နယ်ငါးလုပ်ငန်းဦးစီးဌာန
Online စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်းရှိ	ဆောင်ရွက်ဆဲကာလဖြစ်ပါသည်။
လက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ ၊ ပုဒ်မ ၃

၂၂။ ကမ်းဝေးငါးဖမ်းလိုင်စင်

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	ငါးလုပ်ငန်းဦးစီးဌာန
ရည်ရွယ်ချက်	ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်
လိုအပ်သည့် စာရွက်စာတမ်း	(၁) ကမ်းဝေးငါးဖမ်းလိုင်စင်လျှောက်လွှာ (၂) ငါးဖမ်းရေယာဉ်၏ သတ်မှတ်ချက်များ (၃) ငါးဖမ်းရေယာဉ်လိုင်စင်(မိတ္တူ) (၄) ငါးဖမ်းရေယာဉ်၏ဓာတ်ပုံများ (၅) Vessel Monitoring System နှင့် ဆက်သွယ်ရေးစက်လိုင်စင်
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည်ကမ်းဝေးငါးသယ်လိုင်စင်လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကိုပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနရုံးသို့ တင်ပြလျှောက်ထားရမည်။ (၂) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနဌာရုံးမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီးပြည့်စုံခဲ့လျှင် ကမ်းဝေး/ငါးဖမ်းလိုင်စင်ကို ထုတ်ပေးမည်။
ကုန်ကျစရိတ်	မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေအရ ကမ်းဝေးငါးဖမ်းရေယာဉ်မှ နိုင်ငံတော် ပြည်ထောင်စုငွေစာရင်းသို့ ပေးဆောင်ရသည့် ငါးစိုခွန်၊ လှေခွန်၊ ကိရိယာခွန်၊ မှတ်ပုံတင်ကြေးများကို လိုင်စင်ကြေးအဖြစ် ကောက်ခံပါသည်။
ကြာမြင့်ချိန်	(၁) ရက်
လျှောက်ထားရမည့်နေရာ	ပြည်နယ် (သို့) တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	ဆောင်ရွက်ဆဲကာလဖြစ်ပါသည်။

လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ၊ ပုဒ်မ ၄

၂၃။ ကမ်းနီးငါးဖမ်းလိုင်စင်

လိုင်စင်/ပါမစ်ထုတ်ပေးသည့် ဌာန	ငါးလုပ်ငန်းဦးစီးဌာန
ရည်ရွယ်ချက်	ဥပဒေပါပြဌာန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်
လိုအပ်သည့် စာရွက်စာတမ်း	(၁) ကမ်းနီးငါးဖမ်းလျှောက်လွှာ (၂) ငါးဖမ်းရေယာဉ်၏ သတ်မှတ်ချက်များ (၃) ငါးဖမ်းရေယာဉ်လိုင်စင်(မိတ္တူ) (၄) ငါးဖမ်းရေယာဉ်၏ဓာတ်ပုံများ (၅) ရေယာဉ်ဂရန်
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည် ကမ်းနီးငါးဖမ်းလိုင်စင်လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးသို့ တင်ပြလျှောက်ထားရမည်။ (၂) မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ကမ်းနီးငါးဖမ်း/ ငါးသယ်လိုင်စင်ကို ထုတ်ပေးမည်။
ကုန်ကျစရိတ်	မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရ ပေးဆောင်ရသည့် ငါးစိုခွန်၊ လှေခွန်၊ ကိရိယာခွန်၊ မှတ်ပုံတင်ကြေးများကို ကမ်းနီးလိုင်စင်ကြေးအဖြစ် ကောက်ခံပါသည်။
ကြာမြင့်ချိန်	(၁) ရက်
လျှောက်ထားရမည့် နေရာ	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး
Online စနစ်ဖြင့် ဆောင်ရွက် နိုင်ခြင်း	ဆောင်ရွက်ဆဲကာလဖြစ်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ၊ပုဒ်မ ၃

၂၄။ ကမ်းဝေးငါးသယ်လိုင်စင်

လိုင်စင်/ပါမစ်ထုတ်ပေးသည့်ဌာန	ငါးလုပ်ငန်းဦးစီးဌာန
ရည်ရွယ်ချက်	ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်
လိုအပ်သည့် စာရွက်စာတမ်း	(၁) ငါးသယ်လိုင်စင် လျှောက်လွှာ (၂) ငါးဖမ်းရေယာဉ်၏ သတ်မှတ်ချက်များ (၃) ငါးဖမ်းရေယာဉ်၏ဓာတ်ပုံများ (၄) Vessel Monitoring System နှင့် ဆက်သွယ်ရေးစက်လိုင်စင်
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည် ကမ်းနီး ငါးဖမ်းလိုင်စင် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးသို့ တင်ပြလျှောက်ထားရမည်။ (၂) မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနရုံးမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ကမ်းနီးငါးဖမ်း/ ငါးသယ်လိုင်စင်ကို ထုတ်ပေးမည်။
ကုန်ကျစရိတ်	မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေအရ ပေးဆောင်ရသည့် ငါးစိုခွန်၊ လှေခွန်၊ ကိရိယာခွန်၊ မှတ်ပုံတင်ကြေးများကို ကမ်းနီးလိုင်စင်ကြေးအဖြစ် ကောက်ခံပါသည်။
ကြာမြင့်ချိန်	(၁)ရက်
လျှောက်ထားရမည့်နေရာ	ပြည်နယ် (သို့) တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနရုံး
Online စနစ်ဖြင့်ဆောင်ရွက်နိုင်ခြင်း	ဆောင်ရွက်ဆဲကာလဖြစ်ပါသည်။
လက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ၊ ပုဒ်မ ၄

၂၅။ ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်

လိုင်စင်/ပါမစ်ထုတ်ပေးသည့်ဌာန	ငါးလုပ်ငန်းဦးစီးဌာန
ရည်ရွယ်ချက်	(၁) **ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စနစ်တကျ လုပ်ကိုင်နိုင်ရေး၊** (၂) **ကုန်စည်စီးဆင်းမှု ကိန်းဂဏန်း အချက်အလက်များမှန်ကန်စေရေး**
လိုအပ်သည့် စာရွက်စာတမ်း	(၁) ကုမ္ပဏီ၏ (Letter Head) ဖြင့် တင်ပြလာသော လျှောက်လွှာ (၂) ပိုင်ရှင်၏ နိုင်ငံသားကတ်မှတ်ပုံတင် (မိတ္တူ)
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည် ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (၂) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်ကို ထုတ်ပေးမည်။
ကုန်ကျစရိတ်	မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရ ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့် လိုင်စင်ခွန်နှုန်းထားများကို အမျိုးအစား၊ ပမာဏအလိုက် သတ်မှတ်ထားခြင်းဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ် ငွေစာရင်းသို့ အခွန်အခ အဖြစ် ပေးသွင်းစေလျက် ရှိပါသည်။ နောက်ဆက်တွဲ (က) ကို ကြည့်ပါ။
ကြာမြင့်ချိန်	(၁) ရက်
လျှောက်ထားရမည့်နေရာ	တိုင်းဒေသကြီး/ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနရုံး
Online စနစ်ဖြင့် ဆောင်ရွက် နိုင်ခြင်း	**ဆောင်ရွက်ဆဲကာလဖြစ်ပါသည်။**
လက်မှတ်ရေးထိုးသည့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊

ရာထူး/အဆင့်	ငါးလုပ်ငန်းဦးစီးဌာန
ဥပဒေ/ နည်းဥပဒေ အမည် နှင့် အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေ၊ ပုဒ်မ ၆

၂၆။ ရေထွက်ပစ္စည်းပြုပြင်စက်ရုံလိုင်စင်

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	ငါးလုပ်ငန်းဦးစီးဌာန
ရည်ရွယ်ချက်	ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ငါး/ပုစွန် ပြုပြင်ထုတ်လုပ်သည့် အအေးခန်းစက်ရုံများမှ ထုတ်လုပ်သော ရေထွက်ပစ္စည်းများသည် အရည်အသွေး စံချိန်စံညွှန်းနှင့်အညီ ပြုပြင်ထုတ်လုပ်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် ကွင်းဆင်းစစ်ဆေးခြင်း (Monitoring, Control and Surveillance– MCS Activities) များ ဆောင်ရွက်ရန် စက်ရုံများအား နှစ်စဉ်လိုင်စင်ထုတ်ပေးလျက်ရှိပါသည်။
လိုအပ်သည့် စာရွက်စာတမ်း	(၁) သက်ဆိုင်ရာမြို့နယ်၏ စည်ပင်လိုင်စင်မိတ္တူ (၂) ကုမ္ပဏီမှတ်ပုံတင်မိတ္တူ (၃) Form VI/ XXVI (No.4 ပါဖြုတ်ထားပါသည်) (၄) သက်ဆိုင်ရာအဖွဲ့အစည်း/ဇုန် တို့မှ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံချက် (၅) တစ်နှစ်ထုတ်လုပ်မှုစာရင်း (၆) အခွန်ကင်းရှင်းကြောင်းထောက်ခံချက်မိတ္တူ (၇) စက်ရုံဓါတ်ပုံနှင့် စက်ရုံပိုင်ရှင်ဓါတ်ပုံ (Soft Copy)
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည် ငါး/ ပုစွန် ပြုပြင်လိုင်စင် စက်ရုံလျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သောစာရွက်စာတမ်းများအား ဖွဲ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ၊ အရည်အသွေးထိန်းသိမ်းရေးနှင့် သုတေသနဌာနစု (ရန်ကုန်ရုံးခွဲ) သို့ တင်ပြလျှောက်ထားရမည်၊ (၂) လျှောက်ထားလာသော ငါး/ပုစွန် စက်ရုံများအား Food Safety ဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ သွားရောက်စစ်ဆေးပြီး ကိုက်ညီမှုရှိပါက လိုင်စင်ထုတ်ပေးလျက်ရှိပါသည်။
ကုန်ကျစရိတ်	(၁) ငါး/ပုစွန် တစ်တန်လျှင် (၁၀၀ကျပ်) (၂) တန်ဘိုးမြင့်ထုတ်ကုန်အပါအဝင် အခြားရေထွက်

	ပစ္စည်း တစ်တန်လျှင် (၇၅ကျပ်)
ကြာမြင့်ချိန်	လိုအပ်သည့် စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်မှုရှိပြီး Food Safety ဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိ ပါက (၁) ပတ်အတွင်း ဆောင်ရွက်ပေးလျှက် ရှိပါသည်။
လျှောက်ထားရမည့်နေရာ	ဖွံ့ဖြိုးရေးနှင့် သုတေသနဌာနခွဲ၊ အရည်အသွေးထိန်း သိမ်းရေးနှင့် သုတေသနဌာနစု (ရန်ကုန်ရုံးခွဲ)
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	ဆောင်ရွက်ဆဲကာလဖြစ်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ် ကိုယ်စား၊ သက်ဆိုင်ရာ ညွှန်ကြား ရေးမှူးမှ လက်မှတ်ရေးထိုးပါသည်။
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားချက်အမှတ် ၊ ၁/၂၀၁၀

နောက်ဆက်တွဲ (က)

ရေထွက်ပစ္စည်းများ ရောင်းဝယ်စုဆောင်းခြင်းဆိုင်ရာ လိုင်စင်နှုန်းထားများ

စဉ်	ရေထွက်ပစ္စည်း အမျိုးအစားများ	ပစ္စည်းပမာဏနှင့်လိုင်စင်နှုန်းထားများ
(၁) (၂) (၃)	Shell Fish Skin Others	၁ တန်မှ ၁၀ တန်အထိ ၁ တန်လျှင် ၁၅၀ ကျပ် အဆိုပြုထားသော ပမာဏထက် ကျော်လွန်ပါက ဒဏ်ကြေး အဖြစ် ၁ တန်လျှင် ၁၅ ကျပ်ပေးဆောင်ရမည်။
(၄) (၅) (၆) (၇)	Fresh Fish Marine Fish Loligo (squid) Salted Fish	၁ တန်မှ ၁၀ တန်အထိ ၁ တန်လျှင် ၂၀၀ ကျပ် အဆိုပြုထားသော ပမာဏထက် ကျော်လွန်ပါက ဒဏ်ကြေး အဖြစ် ၁ တန်လျှင် ၂၀ ကျပ် ပေးဆောင်ရမည်။
(၈)	Jelly Fish	၁ တန်မှ ၁၀ တန်အထိ ၁ တန်လျှင် ၂၅၀ ကျပ် အဆိုပြုထားသော ပမာဏထက် ကျော်လွန်ပါက ဒဏ်ကြေး အဖြစ် ၁ တန်လျှင် ၂၅ ကျပ်ပေးဆောင်ရမည်။
(၉)	Crab	၁ တန်မှ ၁၀ တန်အထိ ၁ တန်လျှင် ၁၇၅ ကျပ် အဆိုပြုထားသော ပမာဏထက် ကျော်လွန်ပါက ဒဏ်ကြေး အဖြစ် ၁ တန်လျှင် ၃၅ ကျပ်ပေးဆောင်ရမည်။
(၁၀) (၁၁)	Grouper Eel	၁ တန်မှ ၅ တန်အထိ ၁ တန်လျှင် ၂၅၀ ကျပ် အဆိုပြုထားသော ပမာဏထက် ကျော်လွန်ပါက ဒဏ်ကြေး အဖြစ် ၁ တန်လျှင် ၅၀ ကျပ်ပေးဆောင်ရမည်။
(၁၂) (၁၃) (၁၄) (၁၅)	Freshwater Prawn Marine Shrimp Dry Fish Dry Shrimp	၁ တန်လျှင် ၁၀၀ ကျပ်
(၁၆) (၁၇)	Lobster King Lobster	၁ တန်လျှင် ၁၂၅ ကျပ်
(၁၈)	Sea Cucumber	၁ တန်လျှင် ၂၀၀ ကျပ်

၂၇။ ငါး/ပုစွန် မွေးမြူရေးအတွက် လိုအပ်သောငါးစာ၊ အစာကုန်ကြမ်းနှင့် ဖြည့်စွက်အစာ၊ ရေသတ္တဝါ မွေးမြူခြင်းအတွက် ဆေးဝါးတင်သွင်းခြင်း ထောက်ခံချက်

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	ငါးလုပ်ငန်းဦးစီးဌာန
ရည်ရွယ်ချက်	ငါးမွေးမြူရေးလုပ်ငန်းများကို အထောက်အကူပြုရန်နှင့် ဘေးအန္တရာယ်ကင်းရှင်း၍ အာဟာရပြည့်ဝသည့် ငါး/ ပုစွန်မွေးမြူရေး အစာတောင့်၊ အစာကုန်ကြမ်းများ တင်သွင်းနိုင်ရန်၊ ပြည်ပမှ တင်သွင်းလာခဲ့သည့် ကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်/ ဖြန့်ဖြူး ရောင်းချခြင်းဖြင့် ပြည်တွင်းရှိ ငါးမွေးတောင်သူများ အလွယ်တကူ ဝယ်ယူရရှိပြီး အချိန်မီအသုံးပြုနိုင်ရန်။
လိုအပ်သည့် စာရွက်စာတမ်း	**ငါးစာ၊ အစာကုန်ကြမ်းနှင့် ဖြည့်စွက်အစာ၊ ရေသတ္တဝါ မွေးမြူခြင်းအတွက် ဆေးဝါး** (၁) သက်တမ်းရှိသော ကုမ္ပဏီလိုင်စင်မိတ္တူ (၂) ဘဏ်တွင်ငွေ ရှိ/ မရှိ အထောက်အထား (၃) တင်သွင်းမည့် ကုန်ပစ္စည်းများ၏ အမည်စာရင်း/ ရောင်စုံဓါတ်ပုံမှတ်တမ်း (၄) တင်သွင်းမည့်ပစ္စည်းများ ရောက်ရှိစဉ် မျက်မြင်အသေး စိတ်စစ်ဆေးမှု ဆောင်ရွက်ခြင်း (၅) Sale Contract & Invoice & Packing List (၆) အစာ၊ ကုန်ကြမ်း ထုတ်လုပ်သည့် စက်ရုံဆိုင်ရာ အထောက်အထား (၇) Composition (အစာပါဝင်ပစ္စည်းများ၏ အာဟာရဆိုင်ရာ ပါဝင်မှု) (ငါးစာ၊ အစာကုန်ကြမ်းနှင့် ဖြည့်စွက်အစာ**အတွက်** ဆေးဝါးများ၏ အရည်အသွေးဆိုင်ရာ ထုတ်လုပ်သည့် ရက်စွဲ/ သက်တမ်းရှိ ကုန်ဆုံးမည့် ရက်စွဲအပါအဝင်နှင့် ဘေးအန္တရာယ်ကင်းရှင်းမှုဆိုင်ရာတို့အား ထုတ်လုပ်သည့် တိုင်းပြည်၏ တာဝန်ရှိအဖွဲ့အစည်း၏ ထောက်ခံချက်ဖြင့် တင်ပြလျှောက်ထားရမည်။)

	(၈) ယခင်ဌာနမှ ထောက်ခံချက်ဖြင့် တင်သွင်းခဲ့ခြင်း ရှိ/မရှိ၊ ရှိပါက တင်သွင်းခဲ့သည့် တန်ချိန်/ ကီလို ဂရမ်နှင့် တင်သွင်းခဲ့သည့် ကာလဖော်ပြချက် (ဇယားကွက်) ဖြင့် ဖော်ပြပေးရန် (၉) ၃ လအတွင်း အမှန်တကယ်တင်သွင်းမည့်တန်ချိန်နှင့် ကိုယ်စားလှယ်လွှဲစာ (၁၀) ဖြန့်ဖြူးရောင်းချ/ သိုလှောင်မည့် နေရာနှင့် တင်သွင်းမည့်လမ်းကြောင်း (ကားလမ်း/ရေလမ်း) (၁၁) သက်ဆိုင်ရာနိုင်ငံတွင် ငါးမွေးမြူရေးအစားအစာ၊ ကုန်ကြမ်းများ၊ ဆေးဝါးများ ထုတ်လုပ်သည့် ကုမ္ပဏီ၏ မှတ်ပုံတင်ထားမှု ထောက်ခံချက်နှင့် လုပ်ငန်းလိုင်စင်ရှိမှု ထောက်ခံချက် (၁၂) မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ အသင်းဝင်ထားသော အသိအမှတ်ပြုလက်မှတ်နှင့် ထောက်ခံချက်
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည် တင်ပြရန် လိုအပ်သော အထောက်အထားများကို ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (၂) လျှောက်ထားသော ပစ္စည်းများသည် ကန့်သတ်ထားသည့် စာရင်းထဲတွင် မပါဝင်ပါက ထောက်ခံချက်ကိုထုတ်ပေးမည်။
ကုန်ကျစရိတ်/ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၁၀ ရက် (စာရွက်စာတမ်း၊ အထောက်အထားစုံလင်ပါက)
လျှောက်ထားရမည့်နေရာ	မွေးမြူရေးဌာနခွဲ၊ ငါးလုပ်ငန်းဦးစီးဌာန၊ နေပြည်တော်
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	ဆောင်ရွက်ဆဲကာလဖြစ်ပါသည်။
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးခြင်း

ဥပဒေ/နည်းဥပဒေအမည် နှင့်အညွှန်းပုဒ်မ/အပိုဒ် နံပါတ်	ပြည်ပမှတင်သွင်းသော ငါး/ပုစွန်သားပေါက်များနှင့် ငါး/ပုစွန်မွေးမြူရေးအတွက် အစာကုန်ကြမ်းများ တင်သွင်းခြင်းကိစ္စနှင့် စပ်လျဉ်း၍ ငါးလုပ်ငန်းဦးစီးဌာန၏ (ဖ-၉-၂၀၁၆) ရက်စွဲပါစာအမှတ်၊ ၈လ/ နပတ-ဖ/၂၀၁၆ (၃၇၀၀) မှ အကြောင်းကြားစာနှင့် Technical regulateon for export and import of fishery products ၏ ညွှန်ကြားချက်အမှတ် (၈/၂၀၁၈) အရ ယခု ထောက်ခံချက်ထုတ်ပေးခြင်းအား ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။

၂၇.၁။ ငါး/ပုစွန် သားပေါက်၊ အလှမွေးငါးနှင့် မွေးမြူရေးငါးများ တင်သွင်းခြင်းအတွက် ထောက်ခံချက်

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	**ငါးလုပ်ငန်းဦးစီးဌာန**
ရည်ရွယ်ချက်	မြန်မာနိုင်ငံရှိ ဒေသ၊ ရေ/မြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုရှိသည့် တိုင်းရင်း ငါးမျိုးစိတ်များနှင့် မျိုးစိတ်သစ်များ မွေးမြူနိုင်ရန်၊ ငါး/ပုစွန် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်ခြင်းဖြင့် လူမှုစီးပွားဘဝ တိုးတက်လာစေရန်။
လိုအပ်သည့်စာရွက်စာတမ်း	(၁) **ပုစွန်သားပေါက်တင်သွင်းခြင်းအတွက်-** (က) သက်တမ်းရှိသော ကုမ္ပဏီလိုင်စင်မိတ္တူ (ခ) ဘဏ်တွင်ငွေ ရှိ / မရှိ အထောက်အထား (ဂ) တင်သွင်းမည့် ငါး/ပုစွန် သားပေါက်များ၏ အမည်စာရင်း/ ရောင် စုံခါတ်ပုံမှတ်တမ်း (ဃ) တင်သွင်းလာပါက ငါး/ ပုစွန် သားပေါက်များအား မျက်မြင်အသေးစိတ် စစ်ဆေးမှု ဆောင်ရွက်ခြင်း (င) Sale Contract & Invoice (စ) တစ်ဖက်နိုင်ငံမှ သားပေါက်ထုတ်လုပ်သည့် မွေးမြူရေးကန်နှင့် သားဖောက်လုပ်ငန်း၏ အချက်အလက် (Profile) (ဆ) သားပေါက် ထုတ်လုပ်ခြင်းဆိုင်ရာ သမိုင်းကြောင်းနှင့် လုပ်ငန်းအခြေအနေ (ဇ) သက်ဆိုင်ရာနိုင်ငံတွင် သားပေါက်ထုတ်လုပ်သည့် Hatchery ၏ မှတ်ပုံတင်ထားမှု ထောက်ခံချက်နှင့် လုပ်ငန်းလိုင်စင်ရှိမှု ထောက်ခံချက် (စျ) သားပေါက်ထုတ်လုပ်မှုဆိုင်ရာ စာရွက်စာတမ်း (Fry Movement Document) အား သက်ဆိုင်ရာနိုင်ငံ၏ တာဝန်ရှိဌာနမှ အသိ

	အမှတ်ပြု ထောက်ခံချက်ပါဝင်ပြီး၊ မွေးမြူရန်တင်သွင်းမည့် သားပေါက်များသည့် အရည်အသွေး ကောင်းမွန်ပြီး စားသုံးသူများအား ဘေးအန္တရာယ်ရှိစေမည့် ရောဂါများနှင့် ပုစွန်ရောဂါများကင်းရှင်းကြောင်း ထောက်ခံချက် (Health Certificate) **မှတ်ချက်။** တစ်ဖက်နိုင်ငံဆိုင်ရာ အထောက်အထားများအား အင်္ဂလိပ်ဘာသာဖြင့် တင်ပြရန် (ည) ယခင်ဌာနမှ ထောက်ခံချက်ဖြင့် တင်သွင်းခဲ့ခြင်း ရှိ/မရှိ၊ ရှိပါက တင်သွင်းခဲ့သည့် သားပေါက်ကောင်ရေနှင့် တင်သွင်းခဲ့သည့် ကာလဖော်ပြချက် (ဇယားကွက်)ဖြင့် ဖော်ပြပေးရန် (ဋ) ၃ လအတွင်း အမှန်တကယ် တင်သွင်းမည့် ကောင်ရေနှင့် ကိုယ်စားလှယ်လွှဲစာ (ဌ) ဖြန့်ဖြူးရောင်းချမည့်နေရာနှင့် တင်သွင်းမည့်လမ်းကြောင်း (ကား/ ရေလမ်း) (ဍ) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ အသင်းဝင်ထားသော အသိအမှတ်ပြု လက်မှတ်နှင့် ထောက်ခံချက်
	(၂) အလှမွေးငါးများ တင်သွင်းခြင်းအတွက်- (က) သက်တမ်းရှိသော ကုမ္ပဏီလိုင်စင်မိတ္တူ (ခ) တင်သွင်းမည့် အလှမွေးငါးများ၏ အမျိုးအမည် စာရင်း (ဂ) တင်သွင်းမည့်အလှမွေးငါးများ၏ ရောင်စုံဓါတ်ပုံမှတ်တမ်း (ဃ) Sale Contract & Invoice (င) သက်တမ်းရှိသော ငါးမွေးမြူခြင်းလိုင်စင် (စ) မွေးမြူရန်တင်သွင်းမည့် အလှမွေးငါးသား

	ပေါက်များသည့် အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ရှိစေမည့် ရောဂါ ကူးကင်းရှင်းကြောင်း ထောက်ခံချက် (Health Certificate) (ဆ) အလှမွေးငါးသားပေါက်များ မွေးမြူမည့် တည်နေရာ (ဇ) သက်ဆိုင်ရာ နိုင်ငံတွင် သားပေါက်ထုတ်လုပ်သည့် Hatchery ၏ မှတ်ပုံတင်ထားမှုထောက်ခံချက်နှင့် လုပ်ငန်းလိုင်စင်ရှိမှုထောက်ခံချက် (စျ) အသားစားငါး မပါဝင်ကြောင်းနှင့် ဒေသခံငါးမျိုး စိတ်/ မျိုးရင်းများအပေါ် မထိခိုက်စေကြောင်း ဝန်ခံကတိ/ CITES နှင့် IUCN တို့မှ တားမြစ်ထားသော အလှမွေးငါးများတွင် ပါဝင်ခြင်းမရှိသည့် ကတိဝန်ခံချက် (ည) ဖြန့်ဖြူး/ မွေးမြူမည့်တည်နေရာ/ တင်သွင်းမည့် (ကား/ ရေ) လမ်းကြောင်း (ဋ) ယခင်ဌာနမှ ထောက်ခံချက်ဖြင့် တင်သွင်းခဲ့ခြင်း ရှိ/မရှိ၊ ရှိပါက တင်သွင်းခဲ့သည့် သားပေါက်ကောင်ရေနှင့် တင်သွင်းခဲ့သည့် ကာလဖော်ပြချက် (ဇယားကွက်) ဖြင့် ဖော်ပြပေးရန် (ဌ) ၃ လအတွင်း အမှန်တကယ်တင်သွင်းမည့် ကောင်ရေနှင့် ကိုယ်စားလှယ်လွှဲစာ (ဍ) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ အသင်းဝင်ထားသော အသိအမှတ်ပြု လက်မှတ်နှင့် ထောက်ခံချက် **(၃) တီလားပီးယားငါးသားပေါက်အတွက်-** (က) သက်တမ်းရှိသောကုမ္ပဏီလိုင်စင်မိတ္တူ (ခ) တင်သွင်းမည့် တီလားပီးယားငါးများ၏

	အမျိုးအမည်စာရင်း (ဂ) တင်သွင်းမည့် တီလားပီးယားငါးများ၏ မျိုးဗီဇဆိုင်ရာ အထောက်အထား (ဥပမာ –monosex မျိုး၊ Tilapia nalotica မျိုးရင်း) (ဃ) Sale contract & Invoice (c) သက်တမ်းရှိသောငါးမွေးမြူခြင်းလိုင်စင် (စ) မွေးမြူရန် တင်သွင်းသည့် တီလားပီးယားငါးသားပေါက်များသည် အရည်အသွေးကောင်းမွန်ပြီး၊ ဘေးအန္တရာယ်ရှိစေမည့် ရောဂါများ ကင်းရှင်းကြောင်း (Health Certificate) (ဆ) သက်ဆိုင်ရာနိုင်ငံတွင် သားပေါက်ထုတ်လုပ်သည့် Hatchery ၏ မှတ်ပုံတင်ထားမှုထောက်ခံချက်နှင့် လုပ်ငန်းလိုင်စင်ရှိမှုထောက်ခံချက် (ဇ) တလားပီးယားငါးမျိုးအား လှောင်အိမ်ဖြင့် မွေးမြူမည်ဆိုပါက သဘာဝရေပြင်သို့ လွှတ်ထွက်သွားပြီး၊ ဒေသခံတိုင်းရင်းငါးမျိုးများ၏ ငါးနေငါးထိုင် ထိခိုက်မှုမရှိစေသည့် အစီအမံ ကန့်သတ်ချက်များဖြင့် မွေးမြူရမည်။ (ဈ) Pen Culture (သို့မဟုတ်) သဘာဝအင်းရေပြင်တွင် Culture based fisheries စနစ်ဖြင့် မွေးမြူမည်ဆိုပါက ဒေသခံငါးမျိုးများ ပေါကြွယ်မှုကို မထိခိုက်စေရေးအတွက် အကန့်အသတ်များ၊ ကောင်းမွန်သော အစီအစဉ်များဖြင့် မွေးမြူရမည်။ (ည) ဒေသခံငါးမျိုးစိတ်/ မျိုးရင်းများအား မထိခိုက်စေရေးဆောင်ရွက်မည့် စီမံချက် (ဋ) ဖြန့်ဖြူး/မွေးမြူမည့်တည်နေရာ၊ တင်သွင်းမည့်လမ်းကြောင်းနှင့် ၃ လအတွင်း အမှန်

	တကယ်တင်သွင်းမည့် ကောင်ရေနှင့် ကိုယ်စားလှယ်လွှဲစာ (၄) တစ်ဖက်နိုင်ငံမှ တင်သွင်းလာသည့်အခါ Tilapia Lake Virus (TiLV) ကင်းရှင်းကြောင်း အသိအမှတ်ပြု ထောက်ခံစာ (၃) ယခင်တင်သွင်းခဲ့ခြင်း ရှိ/မရှိ၊ ရှိပါက တင်သွင်းခဲ့သည့် သားပေါက်ကောင်ရေနှင့် တင်သွင်းခဲ့သည့် ကာလဖော်ပြချက် (ဇယားကွက်) ဖြင့် ဖော်ပြပေးရန် (၆) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၌ အသင်းဝင်ထားသော အသိအမှတ်ပြု လက်မှတ်နှင့် ထောက်ခံချက်
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည် တင်ပြရန် လိုအပ်သော အထောက်အထားများကို ငါးလုပ်ငန်းဦးစီးဌာန၊ နေပြည်တော်သို့ တင်ပြလျှောက်ထားရမည်။ (၂) လျှောက်ထားသော ပစ္စည်းများသည် ကန့်သတ်ထားသည့် စာရင်းထဲတွင် မပါဝင်ပါက ထောက်ခံချက်ကို ထုတ်ပေးမည်။
ကုန်ကျစရိတ်/ဝန်ဆောင်ခ	မရှိပါ။
ကြာမြင့်ချိန်	အလုပ်လုပ်ရက် ၁၀ ရက် (စာရွက်စာတမ်း၊ အထောက်အထားစုံလင်ပါက)
လျှောက်ထားရမည့်နေရာ	မွေးမြူရေးဌာနခွဲ၊ ငါးလုပ်ငန်းဦးစီးဌာန၊ နေပြည်တော်
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	ဆောင်ရွက်ဆဲကာလဖြစ်ပါသည်။
အတည်ပြုလက်မှတ်ရေးထိုးသည့်ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးခြင်း
ဥပဒေ/နည်းဥပဒေအမည်နှင့် အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ

၂၈။ ပို့ကုန်/သွင်းကုန်ဆိုင်ရာ ရေနေသတ္တဝါအရှင် ကျန်းမာရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ်

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	ငါးလုပ်ငန်းဦးစီးဌာန
ရည်ရွယ်ချက်	ရေသတ္တဝါများ နယ်စပ်ဖြတ်ကျော် သယ်ဆောင်မှုကြောင့် ရောဂါပျံ့နှံ့မှု မရှိစေရန်အတွက် WOAH အဖွဲ့မှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့် ငါးလုပ်ငန်းဦးစီးဌာန၏ ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လုပ်ကိုင် ဆောင်ရွက်စေရန်။
လိုအပ်သည့် စာရွက်စာတမ်း	(၁) သက်တမ်းရှိသော ကုမ္ပဏီ၏ သွင်းကုန်လိုင်စင်မိတ္တူ (၂) တင်ပို့မည့် ကုန်ပစ္စည်းများ၏ အမည်စာရင်း (၃) Sale Contract, Invoice & Packing List (၄) သက်ဆိုင်ရာတိုင်းနှင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှထုတ်ပေးသော သက်တမ်းရှိသော ငါးမွေးမြူရေးလိုင်စင် (၅) သက်ဆိုင်ရာတိုင်းနှင့် ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှထုတ်ပေးသော သက်တမ်းရှိသော ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခွင့်လိုင်စင် (၆) အလှမွေးငါး (အရှင်)များ၏ ကျန်းမာရေးအခြေအနေအား ငါးလုပ်ငန်းဦးစီးဌာနမှ စစ်ဆေးခွင့်ပြုသည့် ထောက်ခံချက်
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည် ပို့ကုန်/သွင်းကုန် ဆိုင်ရာ ရေနေသတ္တဝါအရှင် ကျန်းမာရေးဆိုင်ရာ မှတ်ပုံတင်လက်မှတ် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (၂) ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသောအထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ပို့ကုန်/သွင်းကုန်ဆိုင်ရာ ရေနေသတ္တဝါအရှင်ကျန်းမာရေး

	ဆိုင်ရာမှတ်ပုံတင်လက်မှတ်ကိုထုတ်ပေးမည်။
ကုန်ကျစရိတ်	ရှာဖွေစစ်ဆေးနိုင်သော ရောဂါ (၃) မျိုးအတွက် Poly-merase Chain Reaction (PCR) စစ်ဆေးမှုနမူနာ တစ်ခုလျှင် စစ်ဆေးခကျသင့်ငွေမှာ စစ်ဆေးမည့် ရောဂါနှင့် နည်းလမ်းအပေါ်တွင် မူတည်ပါသည်။
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် ခန့်မှန်း အလုပ်လုပ်ရက် (၇) ရက်အတွင်း
လျှောက်ထားရမည့် နေရာ	ငါးလုပ်ငန်းဦးစီးဌာန၊ မွေးမြူရေးဌာနခွဲ
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	မရှိသေးပါ
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်ကိုယ်စား၊ တာဝန်ခံအရာရှိမှ လက်မှတ်ရေးထိုးခြင်း
ဥပဒေ/နည်းဥပဒေအမည် နှင့်အညွှန်းပုဒ်မ/အပိုဒ်နံပါတ်	ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ

၂၉။ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	ငါးလုပ်ငန်းဦးစီးဌာန
ရည်ရွယ်ချက်	ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေသတ္တဝါ မွေးမြူရေးကန်များမှ ထုတ်လုပ်သော ရေထွက်ကုန်ပစ္စည်းများသည် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး ကျင့်စဉ်နှင့်အညီ မွေးမြူထုတ်လုပ်ခြင်းဖြင့် အစားအစာဘေးဥပါဒ်ကင်းစေရေး၊ မွေးမြူသည့်တိရစ္ဆာန်များ ကျန်းမာပျော်ရွှင်စေရေး၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်စေရေးနှင့် မွေးမြူတောင်သူများ၏ လူမှုစီးပွားများ ကောင်းမွန်ရေးဟူသည့် အခြေခံမူ (၄) ရပ်ကို အခြေခံပြု၍ မွေးမြူရေးအလေ့အကျင့်ကောင်းများကို လိုက်နာဆောင်ရွက်ရန်အတွက် မွေးကန်များအား နှစ်စဉ် GAqP အသိအမှတ်ပြု လက်မှတ်ထုတ်ပေးလျက် ရှိပါသည်။
လိုအပ်သည့် စာရွက်စာတမ်း	ကုမ္ပဏီ၏ (Letter Head) ဖြင့် တင်ပြလာသော လျှောက်လွှာတွင် (၁) ကုမ္ပဏီအမည်၊ နေရာ(တိုင်းဒေသကြီး/ပြည်နယ်/ခရိုင်/ မြို့နယ်) (၂) မွေးမြူသည့်မြေကော (၃) မြေပိုင်ဆိုင်မှု၊ ကွင်းအမှတ် (၄) မွေးမြူသည့် ရေသတ္တဝါ မျိုးစိတ်အမည် သက်ဆိုင်ရာမြို့နယ်/ခရိုင်/တိုင်းဒေသကြီးတို့မှ တဆင့် ညွှန်ကြားရေးမှူးချုပ်ထံလိပ်မူပြီး တင်ပြရပါမည်။
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည် ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ် အသိအမှတ်ပြု လက်မှတ် လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။

	(၂) ငါးလုပ်ငန်းဦးစီးဌာန၊ GAqP Extension and Inspection Team စစ်ဆေးရေးအဖွဲ့သည် ကွင်းဆင်းစစ်ဆေးပြီး အကြံပြုချက်နှင့်အညီ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးမည်။
ကုန်ကျစရိတ်	စစ်ဆေးမှုတစ်ကြိမ်အတွက် ၁၅၀၀၀၀ ကျပ်
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ်ရက် ၁၀ ရက်အတွင်း
လျှောက်ထားရမည့်နေရာ	မွေးမြူရေးဌာနခွဲ၊ ငါးလုပ်ငန်းဦးစီးဌာန
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	ဆောင်ရွက်ဆဲကာလဖြစ်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူးချုပ်ကိုယ်စား၊ သက်ဆိုင်ရာညွှန်ကြားရေးမှူးမှ လက်မှတ်ရေးထိုးပါသည်။
ဥပဒေ/ နည်းဥပဒေ အမည်နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်အမှတ် ၈/၂၀၁၈ တောင်သူလယ် သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ

၃၀။ ငါးသားဖောက်စီးပွားဖြစ်လုပ်ငန်း၊ အလှမွေးငါးစီးပွားဖြစ် မွေးမြူခွင့်လိုင်စင်

လိုင်စင်/ပါမစ် ထုတ်ပေးသည့်ဌာန	ငါးလုပ်ငန်းဦးစီးဌာန
ရည်ရွယ်ချက်	မြန်မာနိုင်ငံရှိ ဒေသ၊ ရေ/မြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုရှိသည့် အလှမွေးငါး တိုင်းရင်းမျိုးစိတ်များနှင့် မျိုးစိတ်သစ်များ မွေးမြူနိုင်ရန်၊ ငါး/ပုစွန် မွေးမြူရေးကဏ္ဍာ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်းဖြင့် လူမှုစီးပွားဘဝ တိုးတက်လာစေရန် ရည်ရွယ်၍ လိုင်စင်ထုတ်ပေးခြင်း ဖြစ်ပါသည်။
လိုအပ်သည့် စာရွက်စာတမ်း	ငါးသားဖောက် စီးပွားဖြစ်လုပ်ငန်း၊ အလှမွေးငါး စီးပွားဖြစ် မွေးမြူခွင့်လိုင်စင် လျှောက်လွှာ (Form– C)
လုပ်ငန်းစဉ်အဆင့်	(၁) လျှောက်ထားသူသည် ငါးသားဖောက်စီးပွားဖြစ်လုပ်ငန်း၊ အလှမွေးငါး စီးပွားဖြစ် မွေးမြူခွင့်လိုင်စင်လျှောက်ထားရန်အတွက် တင်ပြရန်လိုအပ်သော အထောက်အထားများကို ပြည်နယ်သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနသို့ တင်ပြလျှောက်ထားရမည်။ (၂) ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးရုံး ငါးလုပ်ငန်းဦးစီးဌာနမှ တင်ပြလာသော အထောက်အထားများကို စစ်ဆေးပြီး ပြည့်စုံခဲ့လျှင် စီးပွားဖြစ် မွေးမြူခွင့်လိုင်စင်ကို ငါးမွေးမြူခြင်းဆိုင်ရာ ဥပဒေအပိုဒ် (၁၈) အရ ထုတ်ပေးမည်။
ကုန်ကျစရိတ်	**စီးပွားဖြစ်နှုန်းထားများ** (၁) ပုစွန်/ငါး/သားပေါက်/အလှပြငါး ၁၀၀၀ ကျပ် (၂) အလှပြငါးမြို့နယ်တစ်မြို့နယ်လျှင် ၁၅၀၀ ကျပ် (မွေးမြူသည့်နေရာ တစ်နေရာတိုင်းအတွက်) **အခြား** ဒဏ်ကြေးများ လိုင်စင်တစ်ခုလျှင် ၂၀၀၀ ကျပ်
ကြာမြင့်ချိန်	တင်ပြလာသော အထောက်အထားများ ပြည့်စုံခဲ့လျှင် အလုပ်လုပ်ရက် ၂ ပတ်အတွင်း

လျှောက်ထားရမည့် နေရာ	ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီး၊ ငါးလုပ်ငန်းဦးစီးဌာနရုံး
Online စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်း	ဆောင်ရွက်ဆဲကာလဖြစ်ပါသည်။
လက်မှတ်ရေးထိုးသည့် ရာထူး/အဆင့်	ညွှန်ကြားရေးမှူး၊ ပြည်နယ် (သို့) တိုင်းဒေသကြီးဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန
ဥပဒေ/ နည်းဥပဒေ အမည် နှင့်အညွှန်းပုဒ်မ/ အပိုဒ်နံပါတ်	ငါးမွေးမြူခြင်းဆိုင်ရာဥပဒေ

(ဂ) အရောင်းအဝယ်စာချုပ်/ကုန်အမှာစာ/ ထုတ်ပိုးမှုပုံစံ

ပုံစံ ၂ (က) မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ

ပုံစံ ၂ (က) မျိုးစေ့ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ ထောက်ခံချက် လျှောက်ထားခြင်းနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများအတွက် လိုက်နာရမည့် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure-SOP) နှင့် စပ်လျဉ်း၍ ဆက်သွယ်ဆောင်ရွက်နိုင်မည့် ပုဂ္ဂိုလ်များနှင့် ဖုန်းနံပါတ်များ

စဉ်	ရာထူး	ဌာန	ဆက်သွယ်ရန် ဖုန်းနံပါတ်
စိုက်ပျိုးရေးဦးစီးဌာန			
၁	ညွှန်ကြားရေးမှူး (တွဲဖက်အတွင်းရေးမှူး၊ မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီ)	မျိုးစေ့ဌာနခွဲ	၀၆၇-၃၄၁၀ ၂၁၆
၂	ညွှန်ကြားရေးမှူး	သီးနှံကာကွယ်ရေးဌာနခွဲ	၀၁-၆၄၄ ၂၄၁
၃	ညွှန်ကြားရေးမှူး	မြေအသုံးချရေးဌာနခွဲ	၀၆၇-၃၄၁၀ ၆၆၇
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန			
၁	ညွှန်ကြားရေးမှူး	စီးပွားရေးရာအထောက်အကူပြုဌာနခွဲ	၀၆၇-၃၄၀၈၄၈၀
၂	ညွှန်ကြားရေးမှူး	ပြည်သူ့ကျန်းမာရေးဌာနခွဲ (OSS)	၀၆၇-၃၄၀၈၁၀၉၈
ငါးလုပ်ငန်းဦးစီးဌာန			
၁	ညွှန်ကြားရေးမှူး	ဖွံ့ဖြိုးရေးနှင့်သုတေသနဌာနခွဲ	၀၆၇-၃၄၀၈၄၇၂
၂	ညွှန်ကြားရေးမှူး	မွေးမြူရေးဌာနခွဲ	၀၆၇-၃၄၁၈၅၃၃၈
၃	ညွှန်ကြားရေးမှူး	ကြီးကြပ်ရေးနှင့်အခွန်ဌာနခွဲ	၀၆၇-၃၄၁၈၅၃၃၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ ထောက်ခံချက် လျှောက်ထားခြင်းနှင့် စီးပွားရေးဆိုင်ရာ လုပ်ငန်းများအတွက် လိုက်နာရမည့် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ (Standard Operating Procedure-SOP) စာအုပ်ထုတ်ဝေနိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ နောက်ဆုံးလက်ခံကျင့်သုံးလျက်ရှိသော စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများကို စုစည်းပံ့ပိုးပေးမှုဖြင့် ပြုစုထုတ်ဝေနိုင်ခဲ့ခြင်းဖြစ်ပါသည်။

ဤစာအုပ်ထုတ်ဝေခြင်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီးမံကိန်းဦးစီးဌာနမှ မဲခေါင်-လန်ချန်းအထူးရန်ပုံငွေ (၂၀၂၃) အရ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသော Improvement of Agriculture Trade Facilitation to Encourage Supply Chain of Myanmar's Agriculture Products in Collaboration with LMC Countries ၏ အထောက်အပံ့ဖြင့် ထုတ်ဝေခြင်းဖြစ်ပါသည်။